၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group   Issue No.844, December 11, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax:  81 3-3949-3919, E-mail: sayarkway@gmail.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်နဲ့ဗာဂျီးနီးယားတက္ကသိုလ်မှကျောင်းသားများဆွေးနွေးချက်

**RFA၊ ဒီဇင်ဘာ ၅ ။**   ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီယားပြည်နယ်နည်းပညာတက္ကသိုလ် Virginia Tech ကျောင်းသူကျောင်းသားတွေနဲ့ အင်တာနက်ဗွီဒီယိုကနေ ဒီကနေ့မနက်မှာ တိုက်ရိုက်ဆွေးနွေးတယ်လို့သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ရန်ကုန်မြို့ကနေ အမေရိကန်ကျောင်းသားတွေကို မြန်မာနိုင်ငံဒီမိုကရေစီရေးနဲ့ ပညာရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးသလိုကျောင်းသားတွေဘက်ကလည်းမေးခွန်းတွေမေးခဲ့ကြတယ်လို့သိရပါတယ်။

မြန်မာနဲ့အမေရိကန်အကြား အပြန်အလှန်နားလည်မှု တိုးမြှင့်ဖို့နဲ့ မြန်မာ့အရေး အမေရိကန်တက္ကသိုလ်ကျောင်းသားတွေအကြား ပျံ့နှံ့စေဖို့ အခုလိုစီစဉ်ခဲ့ကြောင်း ဒီပွဲဖြစ်မြောက်အောင် ဦးစီးဆောင်ရွက်သူတဦးဖြစ်တဲ့ ဗာဂျီးနီးယား စက်မှုတက္ကသိုလ်က မြန်မာကျောင်းသူ မသက်နီနီအောင်ကပြောပါတယ်။

ဒီပွဲမှာ ကျောင်းသားကျောင်းသူ ပရိသတ် ၃၀၀၀ ခန့်တက်ရောက်တယ်လို့ဆိုပါတယ်။ ဒီဆွေးနွေးပွဲရဲ့ ပထမပိုင်းကို တင်ပြလိုက်ပါတယ်။ ကွန်ပြူတာအင်တာနက်ကနေ ရုပ်မြင်သံကြား အမေးအဖြေ အစီအစဉ်စချင်းမှာဘဲ ဗာဂျီးနီးယားနည်းပညာတက္ကသိုလ်ကျောင်းသားတယောက်က ......

**ကျောင်းသား ။**   ။ ဒီမိုကရေစီစနစ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံသားတွေက ဘယ်လိုများ အဓိပ္ပါယ်ဖွင့်ကြပါသလဲ။

**ဒေါ်အောင်ဆန်းစုကြည် ။**   ။ ရိုးရိုးစင်းစင်းပြောရမယ်ဆိုရင်တော့ ဒီမိုကရေစီဆိုတာဟာ လွတ်လပ်မှုနဲ့ လုံခြုံစိတ်ချမရမှုတွေကို မျှမျှတတပေါင်းစပ်ထားတာပါဘဲ။ ကျမတို့ လွတ်လပ်မှုကိုလိုချင်သလို တပြိုင်နက်တည်းမှာဘဲ လုံခြုံစိတ်ချရမှုကိုလည်း လိုချင်ပါတယ်။ အခုအချိန် အထိတော့ အဲဒီအရာနှစ်ခုကို ရဖို့အတွက် အကောင်းဆုံးစနစ်ဟာ ဒီမိုကရေစီစနစ်လို့ဘဲ ကျမတို့ထင်ပါတယ်။

ဒီအမေးအဖြေအစီအစဉ်ကို ဦးစီးဆောင်ရွက်သူ မသက်နီနီအောင်ရဲ့စိတ်ကူးကို အတည်ပြုလက်ခံခဲ့သူကတော့ ပထဝီဘာသာ ပါမောက္ခဂျွန်ဗွိုင်ယာဆိုသူဖြစ်ပါတယ်။ သူဟာ မြန်မာပြည်အကြောင်း နှံ့စပ်သူတဦးဖြစ်သလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဘဝလှုပ်ရှားမှုတွေကိုလည်း နှစ်ပေါင်းများစွာ လေ့လာခဲ့သူဖြစ်ပါတယ်။

**RFA ။**   ။ ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုမြင်ပါသလဲ။

**ပါမောက္ခဂျွန်ဗွိုင်ယာ ။**   ။ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုနေရာ ဒီကမ္ဘာပေါ်က သက်ရှိတွေထဲမှာ အံ့သြဘွယ်အကောင်းဆုံး လူသားတဦးဖြစ်ပါတယ်။ ဘဝတခုလုံးကို လူသားတွေရဲ့လွတ်လပ်မှုအတွက် စတေးမြှုပ်နှံထားတဲ့ သူ့လိုလူတယောက်ကို မြင်တွေ့ သိရှိရခြင်းအတွက် မှင်သက်မိရပါတယ်။

ဗာဂျီးနီးယား နည်းပညာတက္ကသိုလ်မှာ မြန်မာကျောင်းသား ၃ ဦးလောက်ဘဲရှိပါတယ်။ မေးမြန်းသူ ၂၅ ဦးခန့်ထဲက တဦးကတော့ မြန်မာပါ။

**ကျောင်းသား(မြန်မာ) ။**   ။ ကျနော် နေထွန်းဦးပါ။ ပိတ်ဆို့မှုတွေရုတ်သိမ်းလိုက်မယ်ဆိုရင် မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဘယ်လောက် မြန်မြန်ဆန်ဆန် ဝင်ရောက်လာမယ် ထင်ပါသလဲခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည် ။**   ။ ရင်းနှီးမှုတွေ ဝင်လာဖို့အတွက်ပိတ်ဆို့မှုရုတ်သိမ်းရုံနဲ့မရပါဘူး။ စီးပွားရေးလုပ်ငန်းရှင်အမြောက်အများကို ကျမမေးမြန်းလေ့လာခဲ့ပါတယ်။ သူတို့လိုချင်တာက မြန်မာနိုင်ငံမှာကောင်းမွန်သင့်တော်တဲ့ စီးပွားရေး အာမခံချက်တွေရရှိရေးဖြစ်ပါတယ်။ ရင်းနှီး

**စာမျက်နှာ ၃ သို့**

**ကော့မှူးမဲဆန္ဒနယ်မြေမှ အရွေးခံဖို့ ဒေါ်အောင်ဆန်းစုကြည် စဉ်းစားနေဟုဆို** — စာမျက်နှာ ၄

**ကြားဖြတ်ရွေးကောက်ပွဲအတွက် အတိုက်အခံဒီမိုကရေစီပါတီတွေ ပြင်ဆင်** — စာမျက်နှာ ၇

**စာနယ်ဇင်းသမား ၅၀ ကျော် စာပေစိစစ်ရေး တင်စရာမလို ထုတ်ထင်ခွင့်ပြု** — စာမျက်နှာ ၁၀

**အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူး တာဝန်ယူခဲ့သူ ဦးလွင် ကွယ်လွန်** — စာမျက်နှာ ၁၄

**ဥပဒေကို အာဏာပိုင်တွေ ကိုယ်တိုင်လိုက်နာဖို့ ဒေါက်တာအေးမောင် ပြောဆို** — စာမျက်နှာ ၁၆

**ရှမ်းပြည်မြောက် မုန်းကိုး အစိုးရစစ်ဗျူဟာ ကုန်းကို ကေအိုင်အေ ဝင်တိုက်** — စာမျက်နှာ ၁၉

# နိုင်ငံ့အရေး ဆောင်ရွက်မယ့်သူမျိုး ဦးစားပေးလွှတ်သွားဖို့ ဦးရွှေမန်းပြောဆို

**VOA၊ ဒီဇင်ဘာ ၉ ။** ။ မြန်မာနိုင်ငံမှာ အကျဉ်းကျနေတဲ့သူတွေထဲက နိုင်ငံ့အရေးဆောင်ရွက်မယ့်သူမျိုးကို ဦးစားပေးလွှတ်သွားဖို့ နီးပါပြီလို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက ပြောလိုက်ပါတယ်။

ဒီကနေ့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ရန်ကုန်ရုံးခွဲ ဖွင့်ပွဲမှာ သူက အခုလို ပြောလိုက်တာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက လွှတ်တော်ကိုသွားပြီး လေ့လာဖို့ ဒီဇင်ဘာလ ၁၁ ရက်ကနေ ၁၈ ရက်နေ့အထိ သွားမယ့် အစီအစဉ်ကိုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသိပေးခဲ့ပါတယ်။

မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေတဲ့နေရာမှာ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရေးဟာ အဓိကဖြစ်တယ်လို့ အမေရိကန်က ပြောနေချိန်မှာ မကြာခင် လွှတ်ပေးဖို့ရှိတယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် (Hillary Clinton) ကို ပြည်သူ့လွှတ်တော်မှာ တွေ့ဆုံစဉ်က ပြောခဲ့တဲ့အကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောလိုက်တာဖြစ်ပါတယ်။

ဒီကနေ့ ရန်ကုန်မြို့ ယုဇနတာဝါမှာလုပ်တဲ့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင် ရုံးခွဲဖွင့်ပွဲမှာ သူက ခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားဆိုတာ မြန်မာနိုင်ငံမှာ မရှိပါဘူးဆိုတဲ့ မြန်မာအစိုးရနဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးဖို့ တောင်းဆိုနေတဲ့ အမေရိကန်ကြား အခေါ်အဝေါ် အငြင်းပွားနေမှုကို ဘေးဖယ်ထားဖို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးရွှေမန်းက ပြောခဲ့ပါတယ်။

"ယုံကြည်ချက်ကြောင့်အကျဉ်းကျနေသူ၊ နိုင်ငံရေးအကျဉ်းသား စတဲ့ စကားရပ်တွေအပေါ်မှာ ဘာမှ အငြင်းပွားမနေနဲ့။ အားလုံးပါဝင်နိုင်ဖို့အတွက် နိုင်ငံ့အရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားပြီးတော့လုပ်မယ့် ပုဂ္ဂိုလ်မျိုးကို အထူး ဦးစားပေး စဉ်းစားရေးအတွက် ဆောင်ရွက်ပါ့မယ်လို့ ဒီလိုပြောခဲ့တာရှိပါတယ်။ နောက်တစ်ခု ဘယ်ရက်လဲ ဆိုတာကျတော့ နီးလာပြီလို့ပဲ ပြောလို့ရတယ်လေ။"

ဒီဇင်ဘာလ ၁ ရက်နေ့က နေပြည်တော်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့စဉ်မှာ နိုင်ငံရေးအကျဉ်းသားတွေ ကိစ္စနဲ့ ပတ်သက်လို့ ပြောခဲ့တာကို သတင်းထောက်တွေကို ဦးရွှေမန်းက ပြန်ရှင်းပြခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို နိုဝင်ဘာလ ၃၀ ကနေ ဒီဇင်ဘာလ ၂ ရက် နေ့အထိ လာသွားတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီက လင် တန်ကလည်း မြန်မာအာဏာပိုင်တွေနဲ့ ဒီကိစ္စ ဆွေးနွေးမှုဟာအားတက်စရာ ဖြစ်တယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက သတင်း ထောက်တွေကို အသိပေးခဲ့ပါတယ်။

ဒီဇင်ဘာလ ၉ ရက်နေ့ ယုဇနတာဝါမှာ သတင်းထောက်တွေနဲ့ အမေးအဖြေလုပ်ခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်နေတာနဲ့ပတ်သက်လို့လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်တယ်လို့ ပြောသွားခဲ့ပါတယ်။ ဥပဒေပိုင်းနဲ့ ပတ်သက်လို့တော့ -

"တည်ဆဲဥပဒေတွေကို လေ့လာကြည့်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူး၊ ပြီးတဲ့အခါမှာ တိုင်းရင်းသား စည်း လုံးညီညွတ်ရေးနဲ့ ပတ်သက်လို့ ထိခိုက်နေမယ်ဆိုရင်လဲ၊ ပြီးတဲ့ အခါမှာ နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် အကျိုးမဖြစ်ဘူး၊ ကာကွယ်စောင့်ရှောက်မှု မရှိဘူးဆိုတဲ့ ဥပဒေတွေကို ကျနော်တို့က အ မြန်ဆုံး ဖျက်သိမ်းစေချင်တယ်။ ပြင်စရာရှိရင် အမြန်ဆုံး ပြင်မယ်။ ဒါကြောင့်မို့လို့ ကျနော်က ခုနကပြောတဲ့ လာမယ့်လွှတ်တော်တွင်းမှာ အရေးကြီးတဲ့ဟာတွေကို ပြုပြင်ဖို့ အဆိုလည်း တင်၊ တဘက်ကလည်း ခင်ဗျားတို့ ကျုပ်တို့လည်း လုပ်မယ်ဆိုရင် တိုးတက်မှုတွေ ရှိလာမှာပဲ။"

လွှတ်တော်တာဝန်ရှိသူတချို့၊ ကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်တချို့နဲ့အတူ ဒီဇင်ဘာလ ၁၁ ရက်ကနေ ၁၈ ရက်အထိ အိန္ဒိယကိုသွားဖို့ ရှိတယ်ဆိုတာကိုလည်း ဦးရွှေမန်းက ခုလို အသိပေးခဲ့ပါတယ်။

"ကျနော်တို့က လေ့လာချင်တာကတော့ လွှတ်တော်၊ လွှတ်တော်ကို လေ့လာတဲ့အခါမှာ လွှတ်တော်နဲ့ အစိုးရအဖွဲ့ ဆက်သွယ်ရေး ဆက်ဆံရေး၊ လွှတ်တော်နဲ့ အခြားလွှတ်တော်များ ဆက်သွယ်ရေး ဆက်ဆံမှု၊ ပြီးတဲ့အခါမှာ ဒီထဲမှာ တကယ်လို့များ ကျနော်တို့က အချိန်ရမယ်ဆိုရင် တကယ်ကို လေ့လာသင့်တဲ့ကိစ္စက အိန္ဒိယနိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်။"

သူ့ခရီးစဉ်အတွင်းမှာ အိန္ဒိယလွှတ်တော်ကို အဓိကထားလေ့လာမယ့်အပြင် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေ ဘယ်လိုပေးနေလဲ၊ နိုင်ငံရဲ့ အသုံးစရိတ် ဘက်ဂျက်ကိစ္စတွေကို လွှတ်တော်ထဲမှာ ဘယ်လို ဆွေးနွေးဆောင်ရွက်ကြသလဲ၊ ဒါ့အပြင် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို လွှတ်တော်ကဘယ်အတိုင်းအတာအထိ လုပ်သလဲဆိုတဲ့ ကိစ္စတွေကိုအိန္ဒိယခရီးစဉ်မှာ အဓိကထား လေ့လာသွားမယ်လို့ဆိုပါတယ်။

အုပ်ချုပ်ရေးစနစ်ကောင်းမွန်တဲ့ ဗြိတိန်နိုင်ငံဆီက အမွေရထားတဲ့အိန္ဒိယအုပ်ချုပ်ရေးစနစ်ကိုလေ့လာဖို့လိုအပ်တယ်လို့လည်းပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက သတင်းထောက်တွေကို ပြောသွားခဲ့ပါတယ်။ နိုင်ငံတကာဆက်ဆံရေး မဟာဗျူဟာတွေ ချမှတ်တဲ့နေရာမှာလည်း လွှတ်တော်တာဝန်ရှိသူတွေနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ ပေါင်းပြီး စဉ်စားသွားဖို့ လိုအပ်တယ်လို့လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းက ပြောကြားသွားခဲ့တာဖြစ်ပါတယ်။

---

## ပုပ်ရဟန်းမင်းကြီးရဲ့အထူးကိုယ်စားလှယ်နဲ့ ဒေါ်စု တွေ့ဆုံ

**RFA၊ ဒီဇင်ဘာ ၈ ။** ။ ဗာတီကန် ပုပ်ရဟန်းမင်းကြီး Benedict ရဲ့အထူးကိုယ်စားလှယ် ဂိုဏ်းချုပ်ဘုန်းတော်ကြီး Martino ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့တွေ့ဆုံပြီး လက်ရှိမြန်မာနိုင်ငံက နိုင်ငံရေး၊ ဘာသာရေး အခြေအနေတွေနဲ့ပတ်သက်တဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ အမှာစကားလက်ဆောင်ကို ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိလာတဲ့ ဂိုဏ်းချုပ် ဘုန်းတော်ကြီး Martino ဟာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ဆက်ဆံရေးပွင့်လင်းလာတဲ့ လက်ရှိမြန်မာနိုင်ငံက အခြေအနေတွေအတွက် Vatican က ကောင်းချီးပေးလိုက်တာလို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပုပ်ရဟန်းမင်းကြီးရဲ့ အထူးကိုယ်စားလှယ်နဲ့ ဒီကနေ့မနက်ပိုင်းက ရန်ကုန်မြို့ စိန့်မေရီ ကက်သလစ် ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်တစ်ရာပြည့်အခမ်းအနားမှာတွေ့ဆုံခဲ့တာပါ။ ရန်ကုန် ကက်သလစ် အသင်းတော်ရဲ့ ဖိတ်ကြားချက်အရသွားတာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုံးကြိုင်က ပြောပါတယ်။

**မျက်နှာဖုံးမှ**

မြှုပ်နှံမှုဆိုင်ရာဥပဒေတွေ ကောင်းဖို့လိုသလို တရားဥပဒေစိုးမိုးရေးလည်း မုချရှိရပါလိမ့်မယ်။

**ကျောင်းသူ ။** ။ သမတအိုဘားမားဟာ အမေရိကန်ပြည်ထောင်စုနဲ့ နိုင်ငံတကာဆက်ဆံရေးကို တိုးတက်အောင် လုပ်ဆောင်နိုင်တယ် ထင်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ဟာ … သေချာတာပေါ့။ သမတအိုဘားမားကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ဂုဏ်ရောင် ထွန်းပြောင်လာတာ အမှန်ပါဘဲ။ ကမ္ဘာတခုလုံးမှာရှိတဲ့လူတွေက ချို့ငဲ့သူတွေ အောင် မြင်ကြတာကို မြင်ချင်ကြပါတယ်။ ဆင်းရဲသားမိသားစုက ပေါက်ဖွားလာသည်ဖြစ်စေ၊ သူဌေးသူကြွယ် အခွင့်ထူးခံလူတန်းစားက မွေးဖွားလာသည်ဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရတာကို လူတွေက မြင်ချင်ကြပါတယ်။

သမတအိုဘားမားဟာ အဲဒီလို ကမ္ဘာအနှံ့အပြားက လူသားတွေရဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ပေါ်လာအောင် မြေတောင်မြှောက်ပေးနေသူတဦးလို့ ကျမတို့မြင်တွေ့နေရပါတယ်။

အဲဒီအခါမှာ ခမ်းမထဲမှာရှိနေတဲ့ ကျောင်းသူကျောင်းသား ၃၀၀၀ ကျော်ရဲ့ သြဘာသံတွေက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့ပါတယ်။

**ကျောင်းသား ။** ။ ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား၊ ဒေါ်အောင်ဆန်းစုကြည်ဟာ အသက်ငယ်ငယ်ကတည်းက ခါးသည်းတဲ့ ဘဝ အခက်အခဲတွေကို တွေ့ကြုံခဲ့ရပေမယ့်လည်း အရှိန်အပျက် ဘဝခရီးကိုဆက်နိုင်ခဲ့ပါတယ်။ ဒီနေ့ အဲဒီခမ်းမထဲမှာရှိနေကြတဲ့ ကျနော်တို့အပါအဝင် ကမ္ဘာတခွင်ကလူငယ်တွေဟာ ကြီးကျယ်တဲ့အရာတွေကို ဖန်တီးဖြစ်ပေစေမယ့်လူတွေပါဘဲ။ ဒါပေမယ့် ကျနော်တို့မကြာခဏ ဦးတည်ချက်မျှော်မှန်းချက်တွေ ပျောက်နေကြပါတယ်ခင်ဗျာ။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ရည်မှန်းချက်တွေရရှိရေးအတွက် ဦးတည်ချက်မပျောက်အောင် ဘယ်လိုဆောင်ရွက်ပါသလဲခင်ဗျာ။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ လူတယောက်ရဲ့ဘဝမှာ တာဝန်ကိုသိဖို့ဆိုတာ အရေးကြီးဆုံးအချက်တခုပါဘဲ။ အဲဒီတာဝန်ကိုထမ်းဆောင်တဲ့အခါမှာ စိတ်ဝင်တစား တက်တက်ကြွကြွ ယုံယုံကြည်ကြည်နဲ့ဆောင်ရွက်ဖို့ကတော့ အရေးအကြီးဆုံးဖြစ်ပါတယ်။ ကျမရဲ့ဘဝတလျှောက်မှာ အခက်အခဲတွေအများကြီး ကြုံခဲ့ရပါတယ်။

အဲဒီလိုကာလတွေမှာ မိမိရဲ့ရည်မှန်းချက် အောင်မြင်ရေးထက် တခြား ဘာအရာမှ ဘဝမှာအရေးမကြီးဘူးဆိုတဲ့ ခံယူချက်ကို ခိုင်ခိုင်မာမာ ဆုတ်ကိုင်ပြီး တာဝန်ကျေဖို့ ကျမကြိုးစားခဲ့ပါတယ်။ အဲဒီ လိုတာဝန်တခုအနေနဲ့ ကြိုးစားကြည့်ကြမယ်ဆိုရင် ဘဝမှာ တခါမှ အရင်ကသတိမထားမိခဲ့တာတွေ ထင်ရှားလာပြီး မုချအကျိုးရှိပါလိမ့်မယ်။

**ကျောင်းသား ။** ။ ဒီနေ့ မြန်မာပြည်ကပြောင်းလဲမှုတွေဟာ အာရပ်ကမ္ဘာကအုံကြွမှုတွေရဲ့ ရိုက်ခတ်မှုကြောင့်လို့ ထင်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ မြန်မာပြည်ကပြောင်းလဲမှုတွေဟာ အာရပ်ကမ္ဘာက လူထုအုံကြွမှုရဲ့ တိုက်ရိုက်အကျိုးသက်ရောက်မှုလို့ ကျမ မထင်ပါဘူး။ ဒါပေမယ့်လည်း ကျမတို့မြန်မာပြည်သူတွေဟာအာရပ်နိုင်ငံတွေနဲ့ ကမ္ဘာတဝှမ်းက ဖြစ်ပျက်နေတာတွေကို သတိထားမိကြပါတယ်။ မြန်မာပြည်က ပြောင်းလဲမှုတွေကတော့ လွန်ခဲ့တဲ့ ၂၃ နှစ်ကာလအတွင်း ကျမတို့ ပြင်းပြင်း ထန်ထန်ကြိုးစားခဲ့မှုတွေရဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခံရမှုနဲ့ပတ်သက်တဲ့ မေးခွန်းတခုကိုတော့ …

**ဒေါ်အောင်ဆန်းစုကြည် ။** ။ ဖေဖေဟာမိမိရဲ့ဘဝကိုတန်ဘိုးအရှိဆုံးဖြစ်အောင် နေထိုင်ကျင့်ကြံသွားခဲ့သူတဦးလို့ ကျမအမြဲတွေးမိပါတယ်။ ကျမ ဖေဖေကွယ်လွန်ခဲ့ရတာနဲ့ပတ်သက်ပြီး ကျမ အတွေးတခုပေမိတာကတော့ ဖေဖေ့ကို လုပ်ကြံမှုအတွက် တာဝန်ရှိသူတွေဟာ တရားဥပဒေအရ သူတို့ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးအားလုံးကို ရရှိသွားကြတယ်ဆိုတာပါဘဲ။

အဲဒီလို တရားဥပဒေစိုးမိုးခဲ့တာကို ကျမကျေနပ်မိပါတယ်။ ဖေဖေနဲ့ပတ်သက်ပြီး ဥပဒေမဲ့ နစ်နာဆုံးရှုံးမှုတွေ ခံစားရမှာကို ကျမ မလိုချင်ပါဘူး။

**ကျောင်းသား(မြန်မာ) မြသီဟညွန့် ။** ။ သူ့ကိုယ်တွေ့အရ မြန်မာပြည် ပညာရေးလောကမှာ အဂတိလိုက်စားမှုတွေသိပ်များပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လုပ်ပိုင်ခွင့်ရလာတဲ့အခါ ဘယ်လိုတိုက်ဖျက်မှာပါလဲခင်ဗျ။

**ဒေါ်အောင်ဆန်းစုကြည် ။** ။ အဂတိတိုက်ဖျက်ရေးဆိုတာ ခက်ခဲပြီး ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်။ တာဝန်ရှိသူတွေကို ဥပဒေအရ အရေးယူအပြစ်ပေးရုံမျှနဲ့ ပြီးဆုံးသွားမယ့်အရာ မဟုတ်ပါဘူး။ဝန်ထမ်းတွေကို လူတန်းစေ့ စိတ်လက်ချမ်းသာ နေထိုင်နိုင်အောင်လုံလောက်တဲ့လစာ တိုးမြှင့်ပေးတာမျိုးတွေအပြင် လက်ရှိ ဝန်ထမ်းတွေရဲ့အခြေခံစိတ်ဓာတ်ကိုပါ ပြောင်းလဲပေးဖို့လိုပါတယ်။

တချို့ဝန်ထမ်းတွေဟာ မိမိတို့ အဂတိလိုက်စားနေတယ်ဆိုတာကို မသိနားမလည်ကြတော့ဘဲ ဒါဟာ ပုံမှန်လုပ်ရိုး လုပ်စဉ်အတိုင်းလုပ်နေတာဘဲလို့ မြင်နေကြပါတယ်။ အဲဒီလို အမြစ်တွယ်နေတဲ့ အတွေးအခေါ်အမှားတွေကို ဖယ်ရှားပြီး မြန်မာပြည်သူတရပ်လုံး ပါဝင်ဆောင်ရွက်ရမယ့် ရေရှည်လုပ်ငန်း ဖြစ်ပါတယ်။

ဗာဂျီးနီးယား နည်းပညာတက္ကသိုလ်က ကျောင်းသားကျောင်းသူတွေနဲ့ ဒေါ်အောင်ဆန်းစုကြည် အင်တာနက် ရုပ်မြင်သံကြားကနေဆက်သွယ်မေးမြန်းခန်း ပထမပိုင်းနဲ့ဒုတိယပိုင်းကို တင်ပြလိုက်ပါတယ်။ လာမယ့်တပတ်မှာ ဆက်လက်ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

## နိုဘယ်လ်ငြိမ်းချမ်းရေးဆုနှစ် ၂၀ပြည့်အခမ်းအနားကျင်းပမည်

**RFA၊ ဒီဇင်ဘာ ၈ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ချီးမြှင့်ခံရခြင်း အနှစ် ၂၀ ပြည့် ဂုဏ်ပြုပွဲအခမ်းအနားကို လာမယ့် စနေနေ့ ဒီဇင်ဘာလ ၁၀ ရက် မနက်ပိုင်းမှာ ရန်ကုန်မြို့ ကြည့်မြင်တိုင် ရွှေညဝါ ကျောင်းတိုက်မှာ ကျင်းပမယ်လို့ အခမ်းအနား စီစဉ်သူတွေက ပြောပါတယ်။

ဒီအခမ်းအနားဖြစ်အောင် စီစဉ်နေသူတွေဟာ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်လ်ဆု ချီးမြှင့်ခံရချိန်မှာ နေအိမ်အကျယ်ချုပ်က လွတ်မြောက်ရေး တောင်းဆိုလို့ အဖမ်းခံရသူ ကျောင်းသားတွေ ဖြစ်ပါတယ်။ ဒီအဖွဲ့ကို ၁၀ ဒီ (10/D) ကျောင်းသားများလို့ နာမည်ပေးထားကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကိုကိုကြီး(စမ်းချောင်း) က ပြောပါတယ်။

အဲဒီနေ့ကျင်းပမယ့် အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်လ်ဒီခေါင်းဆောင်တွေလည်း တက်ရောက်မယ်လို့ သိရပါတယ်။ အခမ်းအနားမှာ ဟံသာဝတီဦးဝင်းတင်က ငြိမ်းချမ်းရေး စာတမ်းတစ်စောင် ဖတ်ကြားမယ်လို့သိရပါတယ်။ အဲဒီနေ့မှာပဲ ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ပိဋကတ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားပါ တစ်ပြိုင်တည်း ကျင်းပမယ်လို့ သိရပါတယ်။

အဲဒီအခမ်းအနားကို သံတမန်တွေအပြင် အများပြည်သူတွေပါ တက်ရောက်နိုင်အောင် စီစဉ်ထားတယ်လို့ သိရပါတယ်။

# ကော့မှူးမဲဆန္ဒနယ်မြေမှ အရွေးခံဖို့ ဒေါ်အောင်ဆန်းစုကြည် စဉ်းစားနေဟုဆို

**VOA ၊ ဒီဇင်ဘာ ၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDရဲ့ အထွေထွေအတွင်းရေးမှူး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ကြားဖြတ်ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါ ရန်ကုန်တိုင်း၊ ကော့မှူး မြို့နယ် မဲဆန္ဒနယ်ကနေဝင်ပြိုင်ဖွယ်ရှိတယ်လို့ NLD ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။ ဒါပေမဲ့ ပါတီကို မှတ်ပုံပြန်တင်ဖို့လျှောက်ထားတဲ့ကိစ္စ မပြီးပြတ်သေးတာကြောင့် အတိအကျ သတ်မှတ်ပြီးတာတော့ မဟုတ်သေး ဘူးလို့ ဆိုပါတယ်။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက အစီရင်ခံ ထားပါတယ်။

NLD ပါတီက တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံပြန်တင်ပြီး ကျင်းပဖို့ရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ဝင်ပြိုင်မယ်လို့ ကြေညာလိုက်ပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည် ဘယ်မဲဆန္ဒနယ်မှာ ဝင်ပြိုင်မလဲ ဆိုတာကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြတာပါ။

ဒါပေမဲ့ ဘယ်မဲဆန္ဒနယ်တွေက လစ်လပ်နေပြီး ရွေးကောက်ပွဲတွေကို ဘယ်တော့ကျင်းပမယ်ဆိုတာ ရွေးကောက်ပွဲ ကော်မရှင်က ခုချိန်ထိတရားဝင်မကြေညာသေးတာကြောင့်အတိအကျပြောမရသေးပေမဲ့ သူဝင်မယ်ဆိုရင် ဘယ်လိုမဲဆန္ဒနယ်က ဝင်ချင်တယ်ဆိုတဲ့ဆန္ဒကိုတော့ ဒေါ်အောင်ဆန်းစုကြည်က ပြောဖူးတယ်လို့ NLD ပြောရေးဆိုခွင့် ရှိသူတစ်ဦးဖြစ်တဲ့ ဦးအုန်းကြိုင်က ပြောပါတယ်။

"တနေရာမှာ သူ စိတ်ကူးတဲ့အကြောင်းကို သူကနည်းနည်းပြောမိတာရှိတာပေါ့ဗျာ။ အဲဒါက ဘာလဲဆိုတော့ သူကဝင်ပြီးရွေးမယ်ဆိုရင်လည်း ရန်ကုန်တိုင်းကပဲ သူဝင်ရွေးမယ်။ ရန်ကုန်တိုင်းကရွေးတဲ့နေရာမှာ လည်းပဲ မဲဆန္ဒရှင်ပြည်သူတွေပေါ့ဗျာနေထိုင်မှု အဆင့်အတန်းနည်းနည်း ဆင်းဆင်းရဲရဲချို့ချို့တဲ့တဲ့ဖြစ်နေတဲ့နေရာတွေကို သူကူညီပေးချင်တဲ့သဘောနဲ့ သူ စိတ်ဝင်စားတယ်လို့ ပြောဖူးတယ်။အဲဒီမှာတင် ကော့မှူးမြို့နယ်မှာ ဝင်မယ်ဆိုတဲ့သတင်းက ထွက်သွားတယ်ဗျ။ ကျနော်ပြောချင်တာကတော့ ဒါဟာ final confirm ဖြစ်ပြီလို့ ကော်မရှင်ကတောင် ဘာမှမကြေညာသေးတော့ ကျနော်တို့ ဆုံးဖြတ်ပြီးပြီလို့ ပြောတော့မပြောနိုင်သေးဘူးခင်ဗျ။"

ရန်ကုန်တိုင်းမှာ ကော့မှူးမြို့နယ်အပါအဝင် လစ်လပ်နေတဲ့ မဲဆန္ဒနယ်ခြောက်နယ်ရှိတယ်လို့ အတည်မပြုနိုင် သေးတဲ့စာရင်းတွေမှာ တွေ့ရပါတယ်။ ပါတီမှတ်ပုံတင်ဖို့ လျှောက်ထားတဲ့ကိစ္စနဲ့ပတ်သက်လို့တော့ ရွေးကောက်ပွဲကော်မရှင်ရဲ့အကြောင်း ပြန်ကြားချက်ကို စောင့်နေပြီး ကော်မရှင်ဘက်က အကြောင်းပြန်တာနဲ့ ပါတီတံဆိပ်၊ အလံနဲ့ ရွေးကောက်ပွဲသင်္ကေတတို့ကို တင်ပြဖို့ အဆင်သင့်ပြင်ထားပြီးပြီလို့လည်း ဦးအုန်းကြိုင်ကပြောပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းက NLD ပါတီရဲ့ရွေးကောက်ပွဲသင်္ကေတဟာ ခမောက်ပုံဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ခမောက်၊ NLD နဲ့ ခမောက်တို့ကို လူထုက အတူတူတွဲပြီးမြင်ထားကြပါတယ်။ အခုတကြိမ်မှာတော့ ခမောက်သင်္ကေတကို ဆက်ပြီးအသုံးပြုတော့မှာမဟုတ်ဘဲ လက်ရှိပါတီရဲ့ ရင်ထိုးပုံစံကိုပဲ အနည်းငယ်ပြောင်းလဲပြီးတော့ရွေးကောက်ပွဲသင်္ကေတအဖြစ် အသုံးပြုသွားမယ်လို့ဦးအုန်းကြိုင်ကပြောပါတယ်။ ဒါပေမဲ့လည်း ကော်မရှင်ဘက်ကအကြောင်းပြန်ကြားချက်မရသေးတာကြောင့် ပါတီဥက္ကဌအဖြစ် ဘယ်သူကတာဝန်ယူဆောင်ရွက်မယ်ဆိုတာကို အတိအကျမဆုံးဖြတ်ရသေးဘူးလို့ဆိုပါတယ်။ ဒ့ါအပြင် ဒီကနေ့ NLD ရုံးချုပ်မှာကျင်းပခဲ့တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကနေ ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီကို ဖွဲ့စည်းလိုက်တယ်လို့လည်းဦးအုန်း ကြိုင်က ပြောပါတယ်။

"ဗဟိုအောင်နိုင်ရေးကော်မတီ ဆိုတာကိုဖွဲ့ပါတယ်။ ၂၁ ဦးပါတဲ့ ဗဟိုအောင်နိုင်ရေးကော်မတီ စာရင်းကို ဒီကနေ့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ပြီးတော့ ပြည်နယ်တိုင်း အသီးသီးမှာလည်းလာမယ့် ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်တွေမှာ အဖွဲ့ချုပ်က ဝင်ပြီးပြိုင်တဲ့နေရာမှာ အဖွဲ့ချုပ်ကချပေးတဲ့ ကိုယ်စားလှယ်လောင်းတွေပေါ့ဗျာ။ အဲဒါတွေ အောင်နိုင်ရေးအတွက် ဆောင်ရွက်ဖို့ ပြည်သူတရပ်လုံးရဲ့အားနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် အောင်နိုင်ရေးကော်မတီဖွဲ့ဖို့ ညွှန်ကြားချက်တစ်ခုလည်းထွက်ပါတယ်။ အဲဒီလို ညွှန်ကြားမယ်လို့လည်းဆုံးဖြတ်ပြီးတော့ ညွှန်ကြားချက်ကိုအောင်နိုင်ရေးအဖွဲ့တာဝန်ခံကနေပြီးတော့ လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်တာပါ။ အောင်နိုင်ရေးကော်မတီရဲ့တာဝန်ခံကဦးတင်ဦးဖြစ်ပါတယ်ခင်ဗျ။ ကျနော်တို့ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်တွေအားလုံးပါပါတယ်။ထပ်ပြီးတော့အားဖြည့်ထားတာကတော့ အဲဒီမှာလူငယ်ခေါင်းဆောင်တွေ၊ ပြည်နယ်တိုင်းတွေက တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ အမျိုးသမီးလုပ်ငန်းအဖွဲ့ကကိုယ်စားလှယ်တွေကတော့ ထပ်ပြီးအင်အားဖြည့်ထားပါတယ်။ အားလုံးပေါင်း ၂၁ ယောက် ဖြစ်ပါတယ်။"

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် လစ်လပ်နေရာ ၄၈ နေရာစလုံးမှာ NLD က ဝင်ပြိုင်သွားမယ်လို့ တာဝန်ရှိ သူတွေကပြောထားပါတယ်။ အဲဒီနောက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်က လူငယ်မျိုးဆက်သစ်တွေကိုလည်း ရွေးကောက်ပွဲဝင်စေချင်တဲ့ဆန္ဒရှိတယ်လို့ ပြောဆိုကြောင်း သတင်းတွေထွက်လာတဲ့အပြင် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ထဲက မည်သူမည်ဝါတွေကိုဖြင့်ရွေးကောက်ပွဲဝင်ဖို့ ပြောဆိုတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်လာပါတယ်။ ဒါပေမဲ့ ဦးအုန်းကြိုင်ကတော့ အဲဒီသတင်းတွေ မဟုတ်မှန်တဲ့အကြောင်းနဲ့ ဘယ်သူ့ဘယ်သူကိုမှ အမည်နာမနဲ့တကွ ရွေးကောက်ပွဲဝင်ဖို့ဆိုပြီးပြောဆိုတာမရှိကြောင်း တုံ့ပြန်ပါတယ်။

ပါတီမှတ်ပုံတင်ကိစ္စပြီးပြတ်သွားပြီဆိုရင် ပါတီဝင်စုဆောင်းတာကနေစပြီး နိုင်ငံရေးပါတီတရပ်အဖြစ် စုဖွဲ့တဲ့လုပ်ငန်းတွေကို လုပ်သွားဖို့ အားလုံးပြင်ဆင်ထားတယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။ အဲဒီအချိန်ကျရင် NLD ပါတီတခုလုံးကို ပြုပြင်ပြောင်းလဲ ဖွဲ့စည်းသွားမယ်လို့လည်း ပြောရေးဆိုခွင့်ရှိသူဦးအုန်းကြိုင်က VOA ကို ပြောခဲ့ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ပြည်ပရောက်မြန်မာများ အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်အဖြစ်လျှောက်ထားနိုင်

**Mizzima । ဒီဇင်ဘာ ၅ ။** ။ အသစ်ပြန်လည်ဖွဲ့စည်းနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သို့ ပြည်ပရောက်မြန်မာနိုင်ငံသားများလည်း ပါတီဝင်အဖြစ် လျှောက်ထားနိုင်ပြီး အင်တာနက်မှတဆင့် ပါတီဝင်လျှောက်လွှာများကို လက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်ပရှိ မြန်မာနိုင်ငံသားများအတွက် ပါတီဝင်လျှောက်လွှာပုံစံများကို NLD ပါတီ၏ အင်တာနက် စာမျက်နှာတွင် ရယူနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကမဇ္ဈိမကို ပြောသည်။

"အဲဒီအထဲမှာ ရှင်းရှင်းလင်းလင်းဖော်ပြရမှာ တခုရှိတယ်။ အဲဒါကဘာလဲဆိုတော့ မြန်မာနိုင်ငံသားကနေ ဘယ်နိုင်ငံသားအဖြစ်ခံယူထားသလဲဆိုတာဖော်ပြဖို့ လိုပါလိမ့်မယ်။ မြန်မာနိုင်ငံသားဆိုရင်လည်း နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသလား၊ မကိုင်ဆောင်ထားဘူးလား။ ကိုင်ဆောင်ထားရင်လည်း နံပါတ်ပေါ့။ ဘာလို့ဆိုတော့ ကျ နော်တို့ မြန်မာနိုင်ငံသားတွေက အမျိုးမျိုးရှိတာဆိုတော့။ ကွဲကွဲပြားပြား သိအောင်လျှောက်လွှာထဲမှာ ဖော်ပြဖို့လိုမယ်"ဟု ဦးအုန်းကြိုင်က ပြောဆို သည်။

NLDပါတီဝင်အဟောင်းအသစ်မရွေးမည်သူမဆိုပါတီဝင်အဖြစ်လျှောက်ထားရမည်ဖြစ်ကြောင်း ဦးအုန်းကြိုင်က "ကျနော်ကိုယ်တိုင်လည်း လျှောက်လွှာတင်ပြီး ပါတီဝင်ပြန်လျှောက်ရမှာပါ" ဟုဆိုသည်။

ပါတီဝင် ဆယ်သိန်းလက်ခံရန်စီစဉ်ထားသည့် NLD က ပါတီတည်ထောင်ခွင့်ကျလာပါကပါတီဝင်လျှောက်လွှာစတင်ထုတ်ပေးမည်ဖြစ်သည်။ ပါတီဝင်လက်ခံရေးအတွက် အသေးစိတ်အချက်အလက်များကို ဆွေးနွေးရန် အစည်းအဝေးပြုလုပ် မည်ဟုလည်းသိရသည်။

NLD ပါတီ၏ တိုင်းနှင့်ပြည်နယ် ဗဟိုကော်မတီဝင်များက နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ပြီး လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုဝင်ဝင်ဘာလ ၁၈ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပြီးနောက်ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် ဦးဝင်းတင်အပါအဝင် ၂၁ ဦးဖြင့် ပါတီတည်ထောင်ခွင့်အတွက် နိုဝင်ဘာလ ၂၅ ရက် နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စာရင်းသွင်းလျှောက်ထားခဲ့ကြသည်။ ယင်းအပြင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်ဖြစ်ရာ ရန်ကုန်တိုင်းကော့မှူးမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည်ဟု NLD ထံမှ သိရသည်။

"ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တိုင်းကနေ ဝင်မယ်ဆိုရင် လူထုရဲ့အနေအထား ဆင်းရဲတဲ့ မြို့နယ်ကနေ ဝင်ချင်တယ်လို့ သူကပြောဖူးပါတယ်။ အဲဒါတွေကို တွက်ချက်ပြီးတော့ ကော့မှူးကပဲဖြစ်မယ်မှန်းဆကြတာပါ။ တရားဝင်တော့ မဆုံးဖြတ်ရသေးပါဘူး" ဟု ဦးအုန်းကြိုင်က ပြောသည်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ၄၈ မြို့နယ်တွင်လည်း ၁၄ ရက်အတွင်း ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များ ဖွဲ့စည်းရန် NLD က ပြင်ဆင်ထားကြောင်း သိရသည်။

ရွေးကောက်ပွဲအောင်နိုင်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းမှ တဆင့် တိုင်းနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အောင်နိုင်ရေးအဖွဲ့များအား ကြီးကြပ်သွားရန် NLD ရုံးချုပ်တွင် ဒီဇင်ဘာလ ၅ ရက်နေ့ကပြုလုပ်ခဲ့သည့်ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

"အဖွဲ့မှာ နစ်ပတ်အတွင်း အဆိုပြုရမှာပေါ့။ သက်ဆိုင်ရာ ပြည်နယ်တွေကိုပေးရမယ်။ သူတို့ ပေးတဲ့အပေါ်မှာ ဗဟိုအောင်နိုင်ရေးအဖွဲ့စိစစ်ပေးဘို့ပေါ့။ လိုအပ်ရင် ခရိုင်အဖွဲ့တွေလည်းဖွဲ့ဖို့ ကြေငြာချက်ထုတ်ထားတာပေါ့ " ရွေးကောက်ပွဲအောင်နိုင်ရေး ဗဟိုအဖွဲ့တွင် ပါဝင်သူ ဒေါ်မေဝင်းမြင့်က ပြောသည်။

ရွေးကောက်ပွဲ အောင်နိုင်ရေးဗဟိုအဖွဲ့ တာဝန်ခံမှာ ဦးတင်ဦးဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးလှဖေ၊ ဦးသိန်းထွန်း၊ ဦးအုန်းကြိုင်၊ ဦးဟံသာမြင့်၊ ဦးထွန်းထွန်းဟိန်း၊ ဦးညွန့်ဝေ၊ ဦးဉာဏ်ဝင်း၊ ဦးဝင်းမြင့်၊ ဒေါက်တာမေဝင်းမြင့်၊ ဦးစိုးဝင်း၊ ဦးဝင်းထိန်၊ ဦးသိန်းဦး၊ ဒေါ်ခင်ဌေးကြွယ်၊ ကိုသိန်းဆွေ၊ ဒေါ်ခင်စောမူနှင့် ဦးစောတင်ဝင်း၊ ကိုမျိုးညွန့်၊ မဖြူဖြူသင်းတို့ ပါဝင်သည်။

အခြားအဆင့် အောင်နိုင်ရေးအဖွဲ့များဖွဲ့ရာ၌ အမျိုးသားဒီမိုကရေစီပါတီဝင်များအပါအဝင် ပြည်သူလေးစားယုံကြည်သူများ၊ တိုင်းရင်းသားလူမျိုးများ၊ မြို့မိမြို့ဖပုဂ္ဂိုလ်များ၊ အမျိုးသမီးများနှင့် လူငယ်များ၊ တတ်သိပညာရှင်၊ အတတ်ပညာရှင်များ၊ လယ်သမားအလုပ်သမားများ၊ ကုန်သည်စီးပွားရေးပုဂ္ဂိုလ်များ၊ နိုင်ငံရေးအစဉ်အလာရှိသူများပါဝင်ရန် သတ်မှတ်ထားသည်။

ရွေးကောက်ပွဲ အောင်နိုင်ရေးဗဟိုအဖွဲ့အပြင် ဆပ်ကော်မတီများအဖြစ် သတင်းပြန့်ကြားရေးနှင့် စာစောင်ထုတ်ဝေရေး၊ စည်းရုံးလှုံ့ဆော်ရေး၊ မဲဆွယ် ဟောပြောရေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဥပဒေရေးရာကော်မတီတို့ကို ဖွဲ့စည်းမည်ဖြစ်သည်။

---

## မြန်မာကိစ္စ အမေရိကန် တရုတ်နဲ့ ထိပ်တိုက် မတွေ့လို

**RFA। ဒီဇင်ဘာ ၇ ။** ။ မြန်မာနဲ့ပတ်သက်လာရင် အမေရိကန်နဲ့ တရုတ် ထိပ်တိုက်ရင်ဆိုင်မတွေ့ဘဲ ညှိနှိုင်းဆွေးနွေးယူကြမယ့် သဘောတွေ့ရတယ်လို့ တရုတ်နိုင်ငံအခြေစိုက် ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Derek Mitchell ရဲ့ ဒီဇင်ဘာလ ၈ ရက်က ၁၃ ရက်အထိ အာရှနိုင်ငံကြီးသုံးနိုင်ငံကိုသွားပြီး မြန်မာ့အရေး ဆွေးနွေးမယ့်ခရီးစဉ်မှာ တရုတ်နိုင်ငံ ပါဝင်တာကိုကြည့်ပြီး အဲဒီလို ပြောလိုက်တာပါ။

Mr. Mitchell ဟာ ဒီဇင်ဘာလ ၁၂ ရက်မှာ တရုတ်နိုင်ငံကိုရောက်မယ်လို့ သိရပါတယ်။

သူ့ခရီးစဉ်မတိုင်ခင်တရုတ်နိုင်ငံကိုသွားခဲ့တဲ့ မြန်မာကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ရဲ့ ခရီးစဉ်မှာ ၂၀၁၃ ကျရင် တရုတ်နိုင်ငံသမ္မတဖြစ်လာဖို့ လျာထားသတ်မှတ်ခံရတဲ့ လက်ရှိ ဒု-သမ္မတရှီကျင်ဖင်နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံ စစ်ရေးပူးပေါင်း ဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်သွားဖို့ သဘောတူ စာချုပ် ချုပ်ဆိုခဲ့ပါတယ်။

အဲဒါကိုကြည့်ရင် အမေရိကန်နဲ့ဆက်ဆံရေးဟာ တရုတ်ကိုထိခိုက်မှု ရှိမှာမဟုတ်ဘူးဆိုတဲ့အကြောင်း သွားရောက် ရှင်းပြတာဖြစ်မယ်လို့ထင်ကြောင်း ရဲဘော်ဖိုးသံချောင်းက ပြောပါတယ်။ Derek Mitchell ရဲ့ခရီးစဉ်မှာ တရုတ်အပြင် တောင်ကိုးရီးယားနဲ့ဂျပန် နိုင်ငံတွေလည်း ပါဝင်ပါမယ်။

# နေအိမ်အမွေရလိုမှု ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရုံးတော်မှာရင်ဆိုင်သွားမည်

**VOA၊ ဒီဇင်ဘာ ၈ ။** ။ ဦးအောင်ဆန်းဦးက နေအိမ်အမွေရလိုမှုနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားတဲ့အမှုမှာ တရားပြိုင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်က တရားဝင် အခွင့်ရ ကိုယ်စားလှယ်မထားဘဲ သူကိုယ်တိုင် ရုံးတော်မှာ ရင်ဆိုင်သွားမှာဖြစ်ပါတယ်။ ဒီကနေ့ အဲဒီ အမွေဆိုင်အမှုရဲ့ ရုံးချိန်းတွင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေက တရားရုံးကို လျှောက်ထားခဲ့ကြတာပါ။

လက်ရှိဒေါ်အောင်ဆန်းစုကြည်နေထိုင်နေတဲ့ အမှတ် (၅၄) တက္ကသိုလ်ရိပ်သာလမ်းကအိမ်ကို သူလည်း အမွေဆိုင်ပိုင်တယ်ဆိုပြီး အကိုဖြစ်တဲ့ ဦးအောင်ဆန်းဦးက တရားစွဲဆိုထားတဲ့ အမှုဟာ ဒီကနေ့ မနက်က ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးအမှတ် (၂) တရားရုံးမှာ ရုံးချိန်းရှိခဲ့ပါတယ်။

ဒီအမှုကို ဒေါ်အောင်ဆန်းစုကြည်ဟာ ကိုယ်စားလှယ်မထားဘဲ ကိုယ်တိုင်ရင်ဆိုင်သွားဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်တဲ့ ဦးကြည်ဝင်းက ဒီကနေ့ ရုံးတော်မှာ လျှောက်ထားခဲ့ကြတာပါ။

၂၀၀၁ ခုနှစ်ထဲက ဦးအောင်ဆန်းဦး စွဲဆိုထားတဲ့ ဒီတရားမမှု မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ် ဖြစ်နေတာမို့ တရားဝင် အခွင့်ရ ကိုယ်စားလှယ်ထားပြီး ဒီအမှုကို ရင်ဆိုင်ခဲ့ရတာပါ။အခုတော့ဒီအခွင့်ရကိုယ်စားလှယ်အဖြစ်တာဝန်ယူခဲ့တဲ့ ရှေ့နေကြီးဦးထွန်းတင်လည်း ဆုံးပါးသွားပြီမို့ အမှုကို နောက်ထပ် အခွင့်ရကိုယ်စားလှယ် မထားဘဲ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရင်ဆိုင်သွားမှာဖြစ်တယ်လို့ ဒီအမှုကို လိုက်ပါဆောင်ရွက်နေသူထဲက တဦးဖြစ်တဲ့ ရှေ့နေ ဦးလှမျိုးမြင့်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ဘက်ကနေပြီးတော့ သူ့ကိုယ်စား မရှိတဲ့အတွက်ကြောင့် သူကိုယ်တိုင် လိုအပ်လို့ရှိရင်တော့ တရားရုံးကိုသူ ကြွရပါလိမ့်မယ်။ တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ (၃)၊ နည်းဥပဒေ (၁) အရ ၃/၁ ကိုယ်စားလှယ် သွင်းဖို့အတွက်ကို၊ တရားဝင်ခွင့်ရ ကိုယ်စားလှယ် သွင်းဖို့အတွက်ကို ဒီနေ့ချိန်းထားပါတယ်။

ချိန်းထားတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ မသွင်းတော့ပါဘူး၊ ပထမသွင်းထားတဲ့ ဆရာဦးထွန်းတင်က ဆုံးသွားတဲ့အတွက်ကြောင့် သူ့ကိုယ်စား နောက်ထပ် အသစ်တယောက် သွင်းရမှာ မသွင်းတော့ပါဘူးလို့ ရုံးကို တင်ပြတယ်။ တရားပြိုင်က သူ့ရဲ့ကိုယ်စားလှယ် မရှိတဲ့အတွက်ကြောင့် တရားရုံးကဆင့်ခေါ်ရင်တော့ တရားပြိုင်ကတော့ ရုံးရှေ့လာရလိမ့်မယ်"

အမှုအနေအထားအရတော့တရားလိုဘက်ကစစ်ဆေးတာတွေ ပြီးနေပြီ ဖြစ်ပြီး အခု တရားပြိုင်ဘက်က သက်သေတွေကို စစ်ဆေးရမယ့်အဆင့် ရောက်နေပါပြီ။

"တရားလိုဘက်တွေ စစ်ပြီးသွားပြီ၊ ပထမဦးဆုံး ဒီဥစ္စာက ဘာထုတ် ရလဲဆိုလို့ရှိရင် တရားမ မှုဖြစ်တဲ့အတွက် ငြင်းချက်ဆိုတာထုတ်ရပါတယ်။ ငြင်းချက်ထုတ်ပြီးတဲ့အခါကျတော့ တရားလိုဖြစ်တဲ့ဦးအောင်ဆန်းဦးဘက်ကနေ သူ့ရဲ့ အခွင့်ရ ကိုယ်စားလှယ်တွေရယ်၊ နောက်တခုက ကျနော်တို့ သူ့ရဲ့တရားလိုပြသက်သေတွေကို စစ်ချက်ပြီးပါပြီ"။

စစ်ပြီးတဲ့အခါ တရားပြိုင်ဘက်ကို စပြီးစစ်ဖို့အတွက်မှာ ဆရာဦးထွန်းတင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်စဉ်အချိန်ကာလတုန်းက ဆရာဦးထွန်းတင်ကို အစအဆုံး စစ်ပြီးသွားပါပြီခင်ဗျ၊ စစ်ပြီးတဲ့အခါကျ နောက်ထပ် တရားပြိုင်ပြ သက်သေတွေကို စတင်စစ်ဆေးရမယ့် အချိန်ကို ရောက်သွားပါပြီခင်ဗျ"

အရင်က ဒီအမှုကို ရန်ကုန်တိုင်းတရားရုံးမှာ စစ်ဆေးနေတာ ဖြစ်ပေမယ့် နောက်ပိုင်း ခရိုင်တရားရုံးကို လွှဲပြောင်းခဲ့တာဖြစ်ပါတယ်။

"အဆင့်ဆင့် ပြောင်းလာခဲ့တဲ့အခါကျ အခု နောက်ဆုံး အမှုတန်ဖိုးအရ သိန်း ၂,၀၀၀ ကျော်ပဲဖြစ်တဲ့အတွက်ကြောင့် ခရိုင်တရားရုံးကို ရောက်သွားတယ်ခင်ဗျ။ ပြန်ဆင်းသွားတာပေါ့။ အရင်တုန်းကတိုင်းအဆင့်မှာ။ တိုင်းအဆင့်ကနေပြီးတော့ အခု ခရိုင်အဆင့်ကို ရောက်သွားတာ။ အမှုရဲ့တန်ဖိုးအလိုက် စီမံခွင့် အာဏာအရ ခရိုင်တရားသူကြီးဆီကို ရောက်သွားတာပါခင်ဗျ"

ရှေ့နေ ဦးလှမျိုးမြင့်ပါ။ ဒီ နေအိမ်အမွေဆိုင် အမှုအတွက် ဒေါ်အောင်ဆန်းစုကြည်ဘက်က ရှေ့နေကြီးဦးကြည်ဝင်း၊ ဦးညဏ်ဝင်းနဲ့အတူ ဦးလှမျိုးမြင့်အပြင် ဒေါ်ခင်ဌေးကြွယ်တို့က လိုက်ပါဆောင်ရွက်ပေးနေသလို ဦးအောင်ဆန်းဦးဘက်ကတော့ တရားလွှတ်တော်ရှေ့နေစစ်ကိုင်းဦးအေးလွင်က လိုက်ပါဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီအမှုကို တလ တကြိမ် ရုံးချိန်းနဲ့ စစ်ဆေးနေတာ ဖြစ်ပြီးနောက်လ ၂၀၁၂ ဇန်နဝါရီလ ၆ ရက်နေ့မှာ နောက်ထပ် ရုံးချိန်း ချိန်းဆိုထားပါတယ်။

---

## ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရိုက်ကူးနိုင်ဖို့ မြေဧက ၁၀၀ မြန်မာအစိုးရ အသုံးပြုခွင့် ပေး

**RFA၊ ဒီဇင်ဘာ ၈ ။** ။ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိဇာတ်ကား ရိုက်ကူးနိုင်ဖို့ ရုပ်ရှင်ရိုက်ကွင်းနဲ့ စတူဒီယိုတွေ တည်ဆောက်ရေးမှာ အသုံးပြုနိုင်အောင် ပဲခူးတိုင်းအတွင်းက မြေဧက ၁၀၀ ကို မြန်မာအစိုးရက အသုံးပြုခွင့်ပေးမယ်လို့ သိရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဇာတ်ကားကို လာမယ့် ၂၀၁၅ ခုမှာအပြီး ရိုက်ကူးနိုင်ဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ့ရုပ်ရှင်နယ်ပယ်က ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ ဒီဇင်ဘာလ ၃ ရက်က တွေ့ဆုံဆွေးနွေးအပြီး အစိုးရဘက်က အခုလို အကူအညီပေးမယ်လို့ ကြားရတာပါ။

ရုပ်ရှင်ရိုက်ကွင်းနေရာ ရရှိရေးအတွက် အစိုးရထံ အကူအညီ တောင်းခံရာမှာ ယခင်က နိုင်ငံခြားရေးဝန်ကြီး၊ ယခု ပဲခူး တိုင်းဝန်ကြီးချုပ်ဦးညဏ်ဝင်းက ရန်ကုန် ပဲခူးကားလမ်းဘေး ပဲခူးမြို့အဝင်နားက မြေဧက ၁၀၀ ခွင့်ပြုမယ်လို့ သတင်းရကြောင်း ဗိုလ်ချုပ်အောင်ဆန်းဇာတ်ကား ဖြစ်မြောက်ရေးကော်မတီဝင် ဒါရိုက်တာကိုသူရ ခေါ် ကိုဇာဂနာက ပြောပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ဇာတ်ကားအတွက် လောလောဆယ်မှာ ဇာတ်ညွှန်းရေးသားမယ့် သုတေသနကော်မတီကို ဖွဲ့စည်းလိုက်ပြီး ဒါရိုက်တာဦးမိုးသူက ဦးဆောင်မှာဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းအဖြစ် သရုပ်ဆောင်မယ့်သူကို ရွေးချယ်နိုင်ဖို့ ကော်မတီတစ်ရပ်ကိုလည်း မကြာခင် ဖွဲ့စည်းမှာဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းမွေးဖွားခဲ့တဲ့ အညာဒေသ လူငယ်တွေထဲက အဓိကထားရွေးချယ်သွားမှာဖြစ်ကြောင်း သိရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဇာတ်ကား ရိုက်ကူးရေးမှာ အသုံးပြုမယ့် ရိုက်ကွင်း အပြင်အဆင်တွေ လေ့လာနိုင်ဖို့ ကိုဇာဂနာဦးဆောင်တဲ့အဖွဲ့ဟာ လာမယ့်ရက်ပိုင်းအတွင်း ထိုင်း၊ စင်္ကာပူနဲ့ တောင်ကိုရီးယားနိုင်ငံတွေက စတူဒီယိုတွေကို သွားရောက်လေ့လာဖို့ ရှိကြောင်းလည်း သိရပါတယ်။

# ကြားဖြတ်ရွေးကောက်ပွဲအတွက် အတိုက်အခံဒီမိုကရေစီပါတီတွေ ပြင်ဆင်

**VOA ၊ ဒီဇင်ဘာ ၅ ။** ။ ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မယ့် အခြေအနေနဲ့ NLD ပါတီဘက်က ရွေးကောက်ပွဲကိစ္စပြင်ဆင်တာတွေရှိလာနေချိန်မှာတခြားနိုင်ငံရေးပါတီတွေဘက်ကရောဘယ်လိုသဘောထားတွေများရှိနေပါသလဲ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနဲ့ အမျိုးသားဒီမိုကရေစီပါတီသစ်က ခေါင်းဆောင်တွေကိုဆက်သွယ်မေးမြန်းထားတဲ့ ကိုကျော်ကျော်သိန်းက အစီရင်ခံထားပါတယ်။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ဖို့ ဖွဲ့စည်းခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေထဲက အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီနဲ့ NDF ပါတီ စပြီးထူထောင်ချိန်က ပါဝင်ခဲ့ပြီး နောက်ပိုင်းမှာ ခွဲထွက်ပြီးတော့ သီးခြားဖြစ်သွားတဲ့အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) တို့ကတော့ ကြားဖြတ်ရွေးကောက်ပွဲအတွက် အမတ်နေရာ ဘယ်လောက်ဝင်မယ်၊ ဘယ်နေရာတွေမှာ ဝင်မယ်ဆိုပြီး အကြမ်းဖျဉ်း စဉ်းစားထားတာတွေရှိတယ်လို့ ပါတီခေါင်းဆောင် အသီးသီးက ဗွီအိုအေကို ပြောပါတယ်။

ဒါပေမဲ့လည်း သူတို့ပါတီနှစ်ခုစလုံး တညီတညွတ်တည်း ပြောတာကတော့ ဒေါ်အောင်ဆန်းစုကြည် ဝင်ပြိုင်မယ့် မဲဆန္ဒနယ်မှာ သူတို့ပါတီကိုယ်စားလှယ်လောင်းတွေ ဝင်မပြိုင်ဘူးဆိုတာပါပဲ။

"အဲဒါကတော့ဗျာ Common Sense ပါပဲ၊ Political Common Sense ပေါ့ဗျာ။ ကျနော်တို့မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီခေါင်းဆောင်အဖြစ် သတ်မှတ်ထားတယ်ဆိုတာ အားလုံးသိပါတယ်။ အဲဒီတော့ တကယ်ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်မယ်ဆိုရင် ကျနော်တို့က သိက္ခာပိုင်းအရရော၊ နိုင်ငံရေးလိုအပ်ချက်အရရော၊ ဒေါ်အောင်ဆန်းစုကြည်ပေါ်မှာကျနော်တို့ရဲ့ နိုင်ငံရေးသက်ရောက်မှုအရရော ဒေါ်အောင်ဆန်းစုကြည်ကို ကျနော်တို့ ယှဉ်ပြိုင်မယ်ဆိုတဲ့ အနေအထားမှာ ဘယ်တုန်းကမှမရှိပါဘူးဗျာ၊ ဘယ်တော့မှလည်းရှိလာမှာမဟုတ်ပါဘူး။"

NDF ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေပါ။ ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကော်မရှင်ရဲ့ တရားဝင်ကြေညာချက် ထွက်မလာသေးတဲ့အတွက် အတိအကျမပြောနိုင်သေးပေမဲ့ NDF ပါတီအနေနဲ့ လစ်လပ်နေရာ ၄၈ နေရာထဲက မြို့နယ် ၂၀ ပတ်ဝန်းကျင်လောက်မှာ ဝင်ပြိုင်ဖို့ မှန်းထားတယ်လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

NDF ပါတီ ခေါင်းဆောင်တွေထဲက ဦးခင်မောင်ဆွေနဲ့ဒေါက်တာသန်းငြိမ်းတို့ဟာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ဖို့ရာ ခံဝန်ကတိလက်မှတ်ထိုးရမယ်ဆိုတဲ့အတွက် အဲဒီအချိန်တုန်းက ရွေးကောက်ပွဲမဝင်ဖို့ ဆုံးဖြတ်ခဲ့သူတွေဖြစ်ပါတယ်။ အခုကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲတွေမှာလည်း ဝင်ပြိုင်မှာမဟုတ်ဘဲ ပါတီခိုင်မာတောင့်တင်းရေးကိုပဲ လုပ်သွားမယ်လို့ ဦးခင်မောင်ဆွေက ပြောပါတယ်။

"ကျနော်တို့နှစ်ယောက်လုံးက ရွေးကောက်ပွဲဝင်ဖို့မရှိပါဘူးခင်ဗျာ။ ကျနော်တို့က လွှတ်တော်နိုင်ငံရေးထဲကို ကျနော်တို့ သွားမှာမဟုတ်ပါဘူး။ ကျနော်တို့ပါတီကို ဒီ့ထက် ပိုပြီးတော့ကာ ကြံ့ခိုင်တောက်ပလာအောင် ပါတီကို ပြုစုပျိုးထောင်ဖို့အတွက် ကျနော်တို့က ပါတီမှာပဲ ကျန်ခဲ့မှာပါ။"

အမျိုးသားဒီမိုကရေစီသစ်ပါတီ (NNDP) ဆိုတာက ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်မယ်ဆိုပြီး NLD ပါတီကနေ ထွက်သွားပြီးတော့ NDF ပါတီထူထောင်သူတွေထဲမှာ ပါဝင်ခဲ့ပြီး ရွေးကောက်ပွဲအပြီးတခါ လွှတ်တော်အစည်းအဝေးတွေ ကျင်းပချိန်အတွင်းမှာ NDF ကနေပြန်ခွဲထွက်သွားသူတွေ အသစ်ထူထောင်ခဲ့တဲ့ပါတီပါ။ အဓိကဦးဆောင်သူက သဃၤန်းကျွန်းမြို့နယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဖြစ်ပါတယ်။

သူတို့ပါတီအနေနဲ့ ပါတီတရားဝင် ဆက်ပြီးရပ်တည်ခွင့်ရဖို့ မဝင်မဖြစ်ဝင်ရမယ့် အမတ်နေရာသုံးနေရာ အတွက်ပဲ ဒဂုံဆိပ်ကမ်း၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်းမြို့နယ်တွေမှာ ဝင်ပြိုင်သွားမှာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ဝင်ပြိုင်မယ့် မဲဆန္ဒနယ်မှာ ဝင်မှာ မဟုတ်ပါဘူးလို့ ဦးသိန်းညွန့်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်မှ တပါးပေါ့ဗျာ၊ ကျန်တဲ့လူတွေနဲ့ ကျနော်တို့ယှဉ်ပြိုင်ပြီးဝင်ပါမယ်။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့က လူထုအတွက် အလုပ်အကျွေးပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို လက်တွေ့လိုချင်တယ်ဗျာ။ ဒါကတော့ ဘယ်သူ လူထုအတွက်အလုပ်အကျွေးပြုသလဲဆိုတာ မဲဆန္ဒရှင်ပြည်သူလူထုကလွတ်လွတ်လပ်လပ်ဆုံးဖြတ်နိုင်ဖို့ပါပဲ။

"ကျနော်တို့ (ပါတီက) သုံးယောက်ဟာ လူထုအတွက် ကျနော်တာဝန်ခံနိုင်တယ်။ ၉၀ ခုနှစ် အတွေ့အကြုံလည်း ကျနော်တို့ရခဲ့ပါပြီ။ ဒီကြားထဲ နှစ် ၂၀ မှာလည်း ကျနော်တို့ နိုင်ငံရေးအရ သင်ခန်းစာယူစရာတွေရခဲ့ပါပြီ၊ ဒါကြောင့်အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသမီးမှတပါးကျန်တဲ့ပုဂ္ဂိုလ်မှန်သမျှကို အဲဒီသုံးနေရာမှာ သူနိုင်ကိုယ်နိုင်ယှဉ်ပြိုင်ဖို့အတွက် ကျနော်တို့ပါတီက ဆုံးဖြတ်ချက်ချထားပြီးပါပြီ။"

ကြားဖြတ်ရွေးကောက်ပွဲတွေ ကျင်းပမယ်ဆိုရင် လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေအရ ကျင်းပမယ့်ရက်မတိုင်ခင် သုံးလကြိုတင်ပြီးတော့ ကြေညာရမှာဖြစ်ပါတယ်။ အခုအချိန်ထိရွေးကောက်ပွဲကော်မရှင်က မကြေညာသေးတဲ့အတွက် ဘယ်တော့ ကျင်းပမယ်ဆိုတာကို တိတိကျကျ မသိရသေးပါဘူး။ ဒါပေမဲ့လည်း NLD ပါတီ မှတ်ပုံတင်တဲ့ကိစ္စပြီးပြတ်မယ့်အချိန် အပါအဝင် နောက်နှစ်အစောပိုင်း လတွေထဲက အသင့်တော်ဆုံးဖြစ်မယ့်အချိန်ကို စဉ်းစားတွက်ချက်ကြည့်ရင်တော့ အစောဆုံး ၂၀၁၂ ခုနှစ် ဧပြီလ လောက်မှာ ကျင်းပနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်မျိုးတော့ ရှိပါတယ်။

---

"ကလေးသူငယ်တွေကို ကူးသန်းရောင်းဝယ်ရေးလုပ်တယ်၊ ကျမတို့ရဲ့အနာဂတ်ကို ကုန်ကူးတယ်ဆိုတာဟာ အင်မတန်မှ မလုပ်သင့်တဲ့ကိစ္စပါ။ ဒါဟာ လူသားမဆန်တဲ့အပြင် အင်မတန်မှ ပညာမဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ ကိုယ့်ရဲ့ အနာဂတ်နဲ့လောင်းကစားလုပ်နေသလိုပါပဲ"

ဒေါ်အောင်ဆန်းစုကြည်

# အဖွဲ့ချုပ်မှ ဦးစီးကျင်းပမယ့် ပညာရေး ရံပုံငွေ ဂီတပွဲနှင့် ဈေးရောင်းပွဲ ခွင့်မပြု

**Mizzima| ဒီဇင်ဘာ ၁၀ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးစီးကျင်းပမည်ဖြစ်သော "ပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရံပုံငွေ ဂီတပွဲနှင့်ဈေးရောင်းပွဲတော်" အား ခွင့်မပြုနိုင်ကြောင်း သုဝဏ္ဏအားကစားကွင်းတာဝန်ခံများက ပြောဆိုသည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီက ပြောသည်။

NLD က ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒီဇင်ဘာလ ၁၅ ရက်နေ့၌ ရံပုံငွေ ဂီတပွဲတော်ကျင်းပရန် ရန်ကုန်တိုင်းအစိုးရဝန်ကြီးချုပ်ရုံးထံ ပွဲခွင့်ပြုမိန့် တောင်းခံထားဆဲမှာပင် သုဝဏ္ဏကွင်း အာဏာပိုင်များက အစီအစဉ် ပြန်လည်ရုပ်သိမ်းရန် သောကြာနေ့တွင် အကြောင်းကြားလာခြင်းဖြစ်သည်။

တိုင်းရင်းသားများ ပညာရေးရံပုံငွေ ဖြစ်မြောက်ရေးကော်မတီတွင် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ဥက္ကဋ္ဌ၊ ပညာရေးကွန်ယက်တွင် ဦးဖြိုးမင်းသိန်းက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။ ယင်းရံပုံငွေ ဖျော်ဖြေပွဲကို NLD ပါတီ၊ NLD ပါတီနှင့်ချိတ်ဆက် ဆောင်ရွက်နေသော ပညာရေးကွန်ယက်အဖွဲ့များနှင့် အနုပညာရှင်များက ပူးပေါင်းစီစဉ်ကြခြင်းဖြစ်သည်။

"၁၆ ရက်နေ့မှာ အမျိုးသမီးအားကစားပွဲနဲ့ တိုက်နေလို့ ဒီရက်ကို မလုပ်ဖို့ ကျနော်တို့ကို ပြောလာပါတယ်။ အခုက နောက်ဆုတ်ခိုင်းတယ်ဆိုတာ ရက်ရွှေ့ပေးဖို့ မဟုတ်ပါဘူး။ မလုပ်ဖို့ ပြန်ရုပ်သိမ်းခိုင်းတာပါ။" ဟု ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ကိုဖြိုးမင်းသိန်းက မဇ္ဈိမကိုပြောသည်။ အားကစားဝန်ကြီးဌာန လက်အောက်ရှိ သုဝဏ္ဏအားကစားကွင်း လုံခြုံရေးတာဝန်ခံ ဒုရဲမှူးကြီးစိုးသန်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့သည်ဟု ဆိုသည်။

ပွဲကျင်းပမည့်ရက်အား အားကစာကွင်း တာဝန်ရှိသူများနှင့်တိုင်ပင်ကာ သဘောတူရွေးချယ်ခဲ့ပြီးနောက် ပွဲခွင့်ပြုမိန့်အတွက် လိုအပ်သော နယ်မြေဒေသခံ အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံစာများရယူကာ ရန်ကုန်တိုင်းအစိုးရသို့ လျှောက်ထားခဲ့ခြင်းဖြစ်သည်ဟုပွဲဖြစ်မြောက်ရေးကော်မတီက ပြောသည်။

ယင်းရံပုံငွေပွဲအား မူလအစီအစဉ်အတိုင်း ကျင်းပလိုကြောင်း ဦးဖြိုးမင်းသိန်းက "အခက်အခဲတွေကတော့ လက်မှတ်တွေလည်း ကြိုရောင်းထားတယ်၊ အနုပညာရှင်တွေနဲ့လည်း ပြောဆိုထားတာတော့ အခက်အခဲတွေကတော့ အများကြီးပေါ့။" ဟု ပြောသည်။ ကြိုတင်လက်မှတ် ရောင်းရငွေ ၁၅ သိန်းခန့် ရရှိနေပြီး ပွဲကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်း ဝန်ကြီးချုပ်ရုံးသို့ တင်ပြသွားမည်ဟုဆိုသည်။

NLD ပါတီအား ပြန်လည်မှတ်ပုံတင်ကာ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်ပြီးနောက် နိုဝင်ဘာ ၂၅ ရက်နေ့ တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ဂီတအနုပညာရှင်များ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် တွေ့ဆုံခဲ့ကြပြီး တိုင်းရင်းသားများ ပညာရေးအတွက် ကူညီရန် ဂီတရန်ပုံငွေပွဲကို စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

ပွဲဖြစ်မြောက်ရေး ကော်မတီမှ ဦးဝင်းတင်၊ ပညာရေးကွန်ယက်လှုပ်ရှားသူများနှင့် ဂီတအနုပညာရှင်များက ရန်ကုန်မြို့ ဆာကူရာတာဝါတွင် ဒီဇင်ဘာလ ၆ ရက်နေ့တွင် သတင်းစာရှင်းပွဲတရပ်ပြုလုပ်ကာ ပွဲကျင်းပရေး အစီအစဉ်များကို ကြေငြာခဲ့သည်။

ဂီတပွဲကို ဒီဇင်ဘာလ ၁၅ ရက်နေ့ ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ ဖွင့်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

Emperor, Metalzone, Lazy Club, Big Bag, Plus 3, Spectrum, Reason, Wanted , Vertical Vibration, The Tree အစရှိသည့် တီးဝိုင်းများနှင့်အတူ နာမည်ကျော် ဂီတအနုပညာရှင် ၅၀ ကျော်က မေတ္တာဖြင့် ကူညီသီဆိုကြ မည်ဖြစ်သည်။

ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအား ရုပ်ရှင်ရိုက်ကူးစေလိုသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ရုပ်ရှင်လောကမှ နာမည်ကျော် သရုပ်ဆောင်များ၊ အတတ်ပညာရှင်များနှင့်လည်း ဒီဇင်ဘာလ ၄း ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့သေးသည်။

---

## ဗကသ နဲ့ သံဃာ့တပ်ပေါင်းစု တပြေးညီတည်း ရပ်တည်

**RFA| ဒီဇင်ဘာ ၉ ။** ။ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့ အနေနဲ့ လာမယ့် ကြားဖြတ် ရွေးကောက်ပွဲကို ဝင်ပြိုင်မှာမဟုတ်ဘူးဆိုပြီး ဒီဇင်ဘာ ၅ ရက်နေ့က ထုတ်ပြန်လိုက်တာဟာ မိမိတို့နဲ့သဘောထားတူညီကြောင်း ၂၀၀၇ ဗကသကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နဲ့မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုက ဒီကနေ့ ပြောလိုက်ပါတယ်။

၁၉၈၈ ခုနှစ် လူထုအုံကြွမှုမှာ ပါဝင်လှုပ်ရှားခဲ့ကြတဲ့ ကျောင်းသားခေါင်းဆောင်တချို့က လာမယ့်ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ပြိုင်မယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်လာအပြီးမှာ ခုလိုကြေညာချက်ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ၂၀၀၇ဗကသ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ပြောခွင့်ရသူ ကိုမင်းသွေးသစ်ကတော့ ကျောင်းသားတွေဟာ ပါတီနိုင်ငံရေးဆိုတာထက် အမျိုးသားနိုင်ငံရေးလုပ်သွားဖို့ ပိုပြီး စိတ်အားထက်သန်သူ တွေဖြစ်ကြောင်း ပြောပါတယ်။

"နိုင်ငံရဲ့ လက်ရှိ လိုအပ်ချက်အရ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီ ရွေးကောက်ပွဲဝင်မယ်ဆိုတာကို ကျနော်တို့က ဘာမှ ကန့်ကွက်စရာ မရှိဘူး။ NLD ကို ဝန်းရံပြီး ဒေါ်အောင်ဆန်းစုကြည်ကို လည်း ထောက်ခံပေးမယ်။ တချက်ရှိတာက နိုင်ငံရေးအသိုင်းအဝိုင်းမှာနဲ့ နိုင်ငံတကာမှာ ကြားနေရတာက ၈၈ မျိုးဆက်ကျောင်းသားတွေထဲက ရွေးကောက်ပွဲဝင်မယ်ဆိုတဲ့ ကိစ္စပေါ့။

ကျနော်တို့ ချထားတဲ့မူက ၁၉၆၀ ဗကသ ရဲ့ ၆ ကြိမ်မြောက် ညီလာခံမှာကတည်းက ချထားတဲ့စည်းကမ်းတွေအရ အမျိုးသား နိုင်ငံရေးပဲလုပ်မယ် ဆိုတဲ့အတွက် ၈၈ မျိုးဆက်က ရွေးကောက်ပွဲမဝင် ဖို့အတွက် ကျနော်တို့ ဗကသ ကလည်း ၈၈ နောင်တော်တွေနဲ့ အတူတူရှိတယ်ဆိုတာကို ကြေညာချက် ထုတ်တာပါ"

အလားတူပဲ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုရဲ့သဘောထားကို ပြောခွင့်ရပုဂ္ဂိုလ် အရှင်ဓမ္မသီရိက အခုလိုမိန့်ပါတယ်။

"ဦးဇင်းတို့ရဲ့ ဦးဆောင်သူတွေဖြစ်တဲ့ ဦးဂမ္ဘီရတို့၊ မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ အကျဉ်းထောင် အသီးသီးထဲမှာ ရှိနေတယ်။ သူတို့တွေ အပြင် ပြန်မရောက်သေးဘဲနဲ့ ဦးဇင်းတို့က ဘယ်နိုင်ငံရေးပုံစံ လမ်းကြောင်းပေါ်ကိုမှ လျှောက်လှမ်းမှာ မဟုတ်ဘူး။

ဘာလို့လဲဆို အဲဒီလိုသာ ပုံဖော်သွားမယ်ဆိုရင် သူတို့ရဲ့သမိုင်းစာမျက်နှာတွေကို ချန်လှပ်ထားခဲ့သလို ဖြစ်မယ်၊ သူတို့ကို စော်ကားသလို ဖြစ်မယ်။ သူတို့ ထွက်လာမှသာလျှင် နိုင်ငံရေးပုံစံသစ်ကို ဦးဇင်းတို့က သူတို့နဲ့ တိုင်ပင်ဆွေးနွေးပြီးမှ ပုံဖော်လို့ ရမှာပါ"

ဒီကနေ့ ထုတ်ပြန်တဲ့ ၂၀၀၇ ဗကသရဲ့ ကြေညာချက်မှာရော၊ သံဃာ့တပ်ပေါင်းစုရဲ့ ကြေညာချက်မှာပါ မြန်မာ့နိုင်ငံရေး ပြေလည်စေဖို့ ကျောင်းသားခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ သံဃာ့ ခေါင်းဆောင်တွေကို အမြန်ပြန်လွှတ်ပေးရေးဟာအရေးကြီးကြောင်း ထည့်သွင်း ဖော်ပြထားပါတယ်။




**ဒီဇင်ဘာ ၄ ၊** PTI ॥ ॥ အိန္ဒိယ၏ ပါလီမန်ဒီမိုကရေစီကို လေ့လာရန် မြန်မာပါလီမန်အမတ်များအား အိန္ဒိယသို့ ဒီဇင်လာ ၁၁ မှ ၁၇ စေလွှတ်မည်။

**ဒီဇင်ဘာ ၄ ၊** Monsters and Critics ॥ ॥ ဇာဂနာသည် ထိုင်း၊ ကမ္ဘောဒီးယားသို့ငှင်း ဂျာမဏီနှင့် အမေရိကန်ပြည်ထောင်စုသို့ငှင်း ခရီးနှင်ရန် အစီအစဉ်များရှိကြောင်း။

**ဒီဇင်ဘာ ၄ ၊** Irrawaddy ॥ ॥ နိုင်ငံရေးပြောင်းလဲမှုကို ဖြစ်စေခဲ့သော ဒီမိုကရေစီမြေပုံကို ဖြစ်စေခဲ့သော အဓိကလူများဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးလွှတ်ရန် အလုပ်သည် အစိုးရ၏ အရေးအကြီးဆုံးအလုပ်တခုဖြစ်ကြောင်း၊ ကလင်တန်ခရီးစဉ်အပေါ်အမြင်ကို မေးရာ ကုလလူ့အခွင့်အရေးပါရဂူ ကန်တားတနားမှ ရောဝတီသို့ ဖြေဆို၏။

**ဒီဇင်ဘာ ၄ ၊** IANS ॥ ॥ မြန်မာမှ ၁၆ ဦးပါ ကုန်သွယ်အဖွဲ့သည် အိန္ဒိယ၏ ဘင်္ဂလားပြည်နယ်နှင့် ထုတ်ပိုးခြင်း၊ သားရည်၊ အထည်အလိပ်၊ ယဉ်အပိုပစ္စည်းဆိုင်ရာများတွင် ကုန်သွယ်လိုကြောင်း။

**ဒီဇင်ဘာ ၄ ၊** NDD ॥ ॥ မြန်မာနိုင်ငံသို့လာမည့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးအား ကြိုဆိုသည့်အနေဖြင့် ထိုနိုင်ငံမှ အကျဉ်းသား ၃၅ ဦးအား မြန်မာသည် ပြစ်ဒဏ်လျှော့ခြင်း၊ လွှတ်ငြိမ်းချမ်းသားခွင့်ပေးလိုက်၏။

**ဒီဇင်ဘာ ၄ ၊** Irrawaddy ॥ ॥ ဦးတေဇ၏သား ပြည့်ဖြိုးတေဇ (၂၅) သည် ဥရောပသမဂ္ဂမှ မိမိအပေါ် ပိတ်ဆို့ထားမှုအမှုကို ဥရောပသမဂ္ဂအယူခံရုံးဖြစ်သော European Court of Justice တွင် အနိုင်ရခဲ့၏။

**ဒီဇင်ဘာ ၄ ၊** Rtrs ॥ ॥ ဒေါ်အောင်ဆန်းစုကြည်သည် ကော့မှူးမြို့နယ် အမတ်အဖြစ် အရွေးခံရန် သုံးသပ်နေကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**ဒီဇင်ဘာ ၅ ၊** DVB ॥ ॥ ဂျူလိုင်ထဲက မြန်မာဖက်မှ ပိတ်ထားခဲ့သော မြဝတီကုန်သွယ်ဂိတ် ပြန်ဖွင့်ခဲ့၏။

**ဒီဇင်ဘာ ၅ ၊** News Agencies ॥ ॥ ပုပ်ရဟန်းမင်းကြီး၏ သာသနာရေးအရာရှိ ဘုန်းတော်ကြီး Cardinal Renato Raffaele Martino သည် စိန်မေရီ ဘုရားကျောင်း ရာပြည့် အခမ်းအနားသို့ တက်ရောက်ရန် မြန်မာသို့လာစဉ် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံမည်။

**ဒီဇင်ဘာ ၅ ၊** MAE SOT ॥ ॥ မွေးဖွားစာရင်းသည် လူ၏ အခြေခံအခွင့်အရေးတခုဖြစ်ကြောင်း၊ ယင်းမရှိလျှင် အခွင့်အရေးအားလုံးဆုံးရှုံးကြောင်း CPPCR ခလေးအခွင့်အရေးကာကွယ်ရေးနှင့် တိုးမြှင့်ရေးကော်မတီမှ စီမံကိန်းဒါရိုက်တာ ဦးနိုင်မင်းမှဆို၏။

**ဒီဇင်ဘာ ၅ ၊** Times of India ॥ ॥ ထိပ်သီး Ulfa ခေါင်းဆောင်အား အိန္ဒိယသတင်းစာထောက်တဦး၊ ဓါတ်ပုံဆရာတဦးတို့နှင့်အတူ မြန်မာတွင် ဖမ်းမိပြီး နောက် သတင်းထောက် ၂ ဦးအား ပြန်လွှတ်ပေးလိုက်ကြောင်း။

**ဒီဇင်ဘာ ၅ ၊** BLACKSBURG, VA ॥ ॥ ဒေါ်အောင်ဆန်းစုကြည်သည် Skype မှတဆင့် ဗာဂျီးနီးယား စက်မှုသိပ္ပံ ကျောင်းသူကျောင်းသားများနှင့် ၄၅ မိနစ်ကြာ မေးဖြေခန်းပြုလုပ်ခဲ့၏။

**ဒီဇင်ဘာ ၅ ၊** CALGARY, Canada ॥ ॥ ကနေဒါရှိ Kenn Borek Air သည် မြန်မာသို့ လေယာဉ်အပိုပစ္စည်းများ တရားမဝင် တင်ပို့ရောင်းချမှုအတွက် ဒဏ်ငွေ ဒေါ်လာ၂၅၀၀၀ ချမှတ်ခံခဲ့ရကြောင်း။

**ဒီဇင်ဘာ ၆ ၊** XNA ॥ ॥ မြန်မာသို့ HIV / AIDS ရောဂါသည်များအတွက် ပိုမိုကူညီရန် ကမ္ဘာ့အသိုင်းအဝိုင်းသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ UNAIDS တို့ ပူးပေါင်း စကားဝိုင်းဆွေးနွေးပွဲမှ တောင်းဆို၏။

**ဒီဇင်ဘာ ၆ ၊** Phillippine Star ॥ ॥ အာဆီယံ၏ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးသိပ္ပံဆိုင်ရာ ဆွေးနွေးပွဲများ ဒီဇင်ဘာ ၆ မှ ၉ အထိ နေပြည်တော်တွင် ကျင်းပမည်။

**ဒီဇင်ဘာ ၆ ၊** China Daily ॥ ॥ မြန်မာနိုင်ငံသို့ အိုဒီအေအကူအညီပေးရေးကို နှစ်နိုင်ငံတို့ နေပြည်တော်တွင်ဆွေးနွေးခဲ့၏။ မြန်မာသည် စျေးကွက်စီးပွားရေးစနစ်နှစ် ငြိမ်းချမ်းမှုတို့ကို အခြေခံသည့် ဒီမိုကရေစီဖြစ်လာရန်မျှော်လင့်ကြောင်း ဂျပန်ဖက်မှဆို၏။

**ဒီဇင်ဘာ ၆ ၊** Korea Times ॥ ॥ ခြောက်နှစ်ကြာရပ်တန့်ခဲ့ပြီးနောက် တောင်ကိုးရီးယားသည် မြန်မာသို့ တိုးတက်မှုအကူအညီ ပြန်လည်ပေးမည်ဟု တောင်ကိုးရီးယား နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနမှဆို၏။

**ဒီဇင်ဘာ ၆ ၊** Daily Star ॥ ॥ မြန်မာသည် ဘင်္ဂလားဒေ့ရှ်တွင် ခိုလှုံနေသော ရိုဟင်ဂျာ ဒုက္ခသည်များကို ပြန်လည်လက်ခံမည်ဟုဆိုကြောင်း။

**ဒီဇင်ဘာ ၆ ၊** Irrawaddy ॥ ॥ ထိုင်းသာသနာ့ဥသျှောင် ဒလိုင်းလားမားသည် ရွှေတိဂုံစေတီကိုဖူးမျှော်လိုကြောင်းဖြင့် ယခင်အပတ်ကနျူးဒေလီတွင် အရှင်ဉာဏ်ဏိဿရ နှင့်တွေ့စဉ် ဖွင့်ဆိုခဲ့ကြောင်း။

**ဒီဇင်ဘာ ၆ ၊** Irrawaddy ॥ ॥ ကလင်တန်လာစဉ် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ရန်ပြောခဲ့သော်လည်း ကေအိုင်အိုနှင့် မြန်မာအစိုးရတပ်၏ တိုက်ပွဲများဆက်ဖြစ်နေကြောင်း။

**ဒီဇင်ဘာ ၆ ၊** Irrawaddy ॥ ॥ ကလင်တန်နှင့် ဒေါ်စုတို့ နှုတ်ဆက်နေပုံနှင့် သတင်းများပါသော သတင်းစာစောင်များ အရောင်းသွက်ခဲ့ကြောင်း။

**ဒီဇင်ဘာ ၆ ၊** Mizzima ॥ ॥ ဒေါ်ဘောက်ဂျာပါဝင်သော ငြိမ်းချမ်းရေးကော်မတီတခုသည် ဒေါ်အောင်ဆန်းစုကြည်၊ ပညာရှင်များ၊ ပါဝင်သည့် အကြံယူဆွေးနွေးပွဲတရပ် ဒီဇင်ဘာ ၁၀ တွင်ကျင်းပမည်။ ဆက်လက်၍ ကချင်ပြည်နယ်တွင်လည်း ကျင်းပမည်ဖြစ်။ **စာမျက်နှာ ၁၅ သို့**

# စာနယ်ဇင်းသမား ၅၀ ကျော် စာပေစိစစ်ရေးတင်စရာမလို ထုတ်ထင်ခွင့်ပြု

**VOA ၊ ဒီဇင်ဘာ ၇ ။** ။မြန်မာနိုင်ငံမှာ ထုတ်ဝေနေတဲ့ မူခင်းနှင့် ဥပဒေဆိုင်ရာ ဂျာနယ် မဂ္ဂဇင်းတွေနဲ့ စီးပွားရေးဆိုင်ရာ ဂျာနယ် မဂ္ဂဇင်း၅၀ ကျော်ဟာ စာပေစိစစ်ရေးကို အရင်တင်စရာ မလိုဘဲထုတ်ဝေခွင့်ပေးလိုက်ပါတယ်။ ပြည်တွင်း မီဒီယာလောကမှာ ထုတ်တင်လို့ ခေါ်ကြတဲ့ ခွင့်ပြုချက်ကို သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ ဒုတိယအကြိမ် ပေးလိုက်တာဖြစ်ပါတယ်။ အခုလို ဂျာနယ်တိုက်တွေ ဖက်ကကိုယ့်တာဝန်ကိုယ်ယူရမဲ့ထုတ်ဝေခွင့်ကနေမြန်မာနိုင်ငံမှာအပြည့်အဝလွတ်လပ်စွာ ထုတ်ဝေခွင့်ရလာဖို့ နီးကပ်လာနေပါပြီလား ဆိုတာကိုဘန်ကောက်ရုံးကနေ မစုမြတ်မွန်က တင်ပြပေးထား ပါတယ်။

မြန်မာနိုင်ငံမှာ ထုတ်ဝေနေတဲ့ စီးပွားရေး၊ မူခင်းနဲ့ ဥပဒေဆိုင်ရာ ဂျာနယ် မဂ္ဂဇင်းပေါင်း ၅၄ ခုကို စာပေစိစစ်ရေးရဲ့ ဆင်ဆာဖြတ်စရာ မလိုဘဲ ထုတ်ဝေခွင့်ပေးလိုက်တာပါ။ အဲဒီထဲမှာ ဈေးကွက်ဂျာနယ်၊ အကျိုးဆောင်ဂျာနယ်၊ အခွင့်အလမ်းဂျာနယ်၊ ကမ္ဘာ့စီးပွားရေးဂျာနယ်တဲ့ လူသိများတဲ့ စီးပွားရေးဂျာနယ်တွေ၊ တခါ မြင်ကွင်း မူခင်းဂျာနယ်၊ ဖြစ်ရပ်မှန်မူခင်းဂျာနယ်၊ ရှုဒေါင့် မူခင်းသတင်းဂျာနယ်တို့လို မူခင်းဂျာနယ်တွေ ပါပါတယ်။

ထုတ်ဝေမှုအပေါ်မှာ ဂျာနယ်တိုက်တွေက တာဝန်ယူရမဲ့ ထုတ်တင်စံနစ်ကို ခုလို ဂျာနယ်ပေါင်း ၅၄ ခုကို ခွင့်ပြုလိုက်တဲ့ အပေါ် Asian Fame Media Group ရဲ့ ဒုတိယဥက္ကဋ္ဌဦးဟိန်းလတ်က ခုလိုမြင်ပါတယ်။

"အခုတခါထဲ တင်နိုင်တယ်ဆိုတော့ ကိုယ့်တာဝန် ကိုယ်ယူတဲ့ ပုံစံဖြစ်လာတော့ကျနော်တို့လုပ်ရကိုင်ရတာလဲပိုချောမွေ့တယ်။နောက်ပြီးတော့ သတင်းပေးတဲ့နေရမှာလဲ Up to Date ပေါ့နော်၊ ချက်ချင်း အချိန်နဲ့တပြေးထဲညီပေးနိုင်တဲ့အတွက် ဒါဟာအင်မတန်မှကို ထိရောက်တဲ့ အတိုင်းအတာ ရှိတယ်လို့ ကျနော်ယူဆပါတယ်။"

မြန်မာနိုင်ငံမှာ မီဒီယာ ဥပဒေသစ် မပြဌာန်းနိုင်ခင် သတင်းလွတ်လပ်ခွင့်ကို တဆင့်ပြီး တဆင့် လျှော့ပေးနေတာဖြစ်တယ်လို့ ဦးဟိန်းလတ်က ပြောပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်ထဲက ပြဌာန်းထားတဲ့ ပုံနှိပ်ဥပဒေအောင်ထဲကနေ ပြည်တွင်း သတင်းမီဒီယာသမားတွေ အနေနဲ့ ပြည်သူသိသင့်တဲ့၊ တင်ပြသင့်တဲ့ သတင်းတွေကို ကြိုးစားရေးသားဖေါ်ပြနေကြတာ ဖြစ်တယ်လို့ Weekly 11 သတင်းဂျာနယ် အယ်ဒီတာချုပ် ကိုဝေဖြိုးက VOA မြန်မာပိုင်းကို ပြောပါတယ်။

"ရေကြီးတာကို မရေးနဲ့၊ သဘာဝပတ်ဝန်းကျင်ကို မရေးနဲ့နိုင်ငံရေးမရေးနဲ့ အဲဒီလို လုပ်ထားတာ မရှိဘူး။ ဒါပေမယ့် ဥပဒေကတော့ ၁၉၆၂ ခုနှစ် ပုံနှိပ် ဥပဒေပဲရှိသေးတယ်။ ဖောက်ဖျက်ရင်ထောင်ချမယ် ဆိုပြီးတော့ လုပ်ထားတာပဲရှိတယ်။ အခုနောက်ပိုင်းမှာ အဲဒီလောက်တော့မဟုတ်ဘူးပေါ့။ ဒါပေမယ့် သူတို့က ဒီစီစစ်ရေး မူဝါဒဆိုတာရှိတယ်။ အချက် ၂၁ ချက်။ အဲဒီ ၂၁ ချက်ကို ထပ်ဖြေလျှော့ပေးလိုက်တာပေါ့။ အဲဒီလို အချက်တွေတော့ရှိတယ်။"

ဒါပေမယ့် အစိုးရအနေနဲ့ နိုင်ငံရေးနဲ့ ပတ်သက်လို့ အထိမခံတဲ့ ကိစ္စတွေဆိုရင်တော့ ဆင်ဆာဖြတ်တုန်းပဲလို့ အယ်ဒီတာချုပ် ကိုဝေဖြိုးက ဥမာနဲ့ ရှင်းပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က စာကြည့်တိုက် စာဖတ်ခန်းဖွင့်ပွဲလုပ်တယ်။ အဲဒါဖော်ပြခွင့်ရတယ်။ အဲဒီ အချိန်မှာပဲ ကိုမင်းကိုနိုင် ၄၉ နှစ် မွေးနေ့ကို ဒေါ်အောင်ဆန်းစုကြည် တက်တယ်။ အဲဒီသတင်း ဖော်ပြခွင့်မရဘူး။ အဲဒါ ဒေါ်အောင်ဆန်းစုကြည်ပဲ၊ အတူတူပဲ။ အဲဒီတော့ ဆိုလိုတာက Absolutely (အကုန်လုံး) ပိတ်တာလည်းမဟုတ်ဘူး။ အဲဒီတော့ အကြောင်းအရာပေါ်မူတည်ပြီး သူတို့က ချိန်တာ။"

အခုတကြိမ် စီးပွားရေးနဲ့ မူခင်းဂျာနယ် မဂ္ဂဇင်းတွေကို စာပေစိစစ်ရေးခွင့် ပြုချက်မပါဘဲ ထုတ်ဝေခွင့်ပေးလိုက်ပေမဲ့ သတင်းနဲ့ပတ်သက်တဲ့ ဂျာနယ်တွေကတော့ စာပေစိစစ်ရေးကို အရင်တင်ဖို့လိုဆဲဖြစ်တာကြောင့် ဒီထက် လွတ်လပ်ခွင့်တွေရှိလာဖို့ သတင်းစာဆရာ စာရေးဆရာ ကျော်ရင်မြင့်က မျှော်လင့်ပါတယ်။

"အထူးသဖြင့် ကျနော်တို့ သတင်းဂျာနယ်တွေဟာ အခုထိ ကြိုတင်ပြီးတော့ တပတ်ကြိုတင် တင်ပြီးတော့မှ ထုတ်နေရတုန်းပဲရှိပါသေးတယ်။ နောက်တခါ အရေးအသားတွေရော သတင်းတွေ ရော ကိုလဲ ဆင်ဆာကဖြတ်နေတုန်းပဲရှိပါသေးတယ်။ အဲဒါတွေ ကျနော်ကတော့ လုံးဝမရှိစေချင်ပါဘူးခင်ဗျ။ ကျနော်တို့ ရေးပြီးဆိုကတည်းက ဒါဟာ ပြည်သူလူထု အကျိုးရှိတဲ့ကိစ္စလို့ ယူဆလို့ရေးကြတာပါ။ အဲဒီတော့ ကျနော်တို့ကတော့ အဲဒီလို ယူဆပြီးရေးတဲ့ သတင်းတွေ အရေးအသားတွေကို ဆင်ဆာရှိနေသေးတာ ကျနော်ကတော့ မရှိစေချင်တော့ပါဘူး။"

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ အခြေအနေတွေ ကြောင့်ရော၊ သက်ဆိုင်ရာက ပြောကြားချက်တွေ ကြောင့်ပါ၊ သိပ်မကြာခင် ကာလမှာ စာပေစိစစ်ရေးအဖွဲ့ မရှိတော့တဲ့ သတင်းလွတ်လပ်ခွင့်မျိုး ရမယ်လို့ ဆရာကျော်ရင်မြင့်ရော၊ ဦးဟိန်းလတ်ပါ တွက်နေကြပါတယ်။

"ပြောင်းလဲနေတဲ့ အပြောင်းအလဲတွေက တော်တော် လျင်လျင်မြန်မြန်နဲ့ ပြောင်းလဲပြီးတော့ တိုးတက်နေတာဖြစ်တဲ့အတွက်ကြောင့် မို့လို့၊ နောက်တခုက သက်ဆိုင်ရာ စာပေစီစစ်ရေးရော၊ ပြန်ကြားရေးဝန်ကြီးဌာနရော တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလဲ ဒီလို ဖြေလျော့ဖို့လို့ကို ဦးတည်စေတဲ့ စကားတွေကို မကြာခနပြောနေတာကြားရတဲ့ အတွက်ကြောင့် သူတို့က ဖြေလျော့လိုတဲ့ဆန္ဒရှိတယ်လို့ ကျနော်တို့ ထင်ပါတယ်။ ကျနော်တို့တွေ ကိုယ်တိုင်ကလဲ ကိုယ့်တာဝန် ကိုယ်ယူပြီးတော့ အဲဒီ ဖြေလျော့မှုကို ကြိုဆိုပြီးတော့ အကျိုးရှိရှိ အသုံးချချင်ပါတယ်။"

"ကျနော်တို့ ကြားနေရတာရော၊ တချို့ပြောတဲ့ပုံစံရော ဥပမာ သမ္မတကြီးရဲ့အကြံပေး ဦးကိုကိုလှိုင်ပြောတယ်။ နောက် ပြန်ကြားရေးက အရာရှိကြီးတယောက် ပြောတဲ့ပုံစံတွေ ကျနော်တို့ ကြားရတဲ့ အရဆိုရင်တော့ ရှေ့နှစ်လောက်မှာ ဆိုရင်တော့ စာပေ စီစစ်ရေးဆိုတာ မရှိတော့ဘူး။ ကိုယ့်တာဝန်ကိုယ်ယူ၊ လွတ်လွတ်လပ်လပ် ထုတ်ဝေခွင့်ရမယ့် ကာလ၊ ရှေ့နှစ်ပိုင်းလောက်မှာ ရောမယ်လို့ ယူဆပါတယ်။"

သက်ဆိုင်ရာက အခု ဒုတိယအကြိမ် ထုတ်တင်စနစ် ခွင့်ပြုလိုက်တာကတော့ စီးပွားရေးဂျာနယ် ၂၈ စောင်၊ စီးပွားရေးမဂ္ဂဇင်း ၁၄ စောင်၊ မူခင်းနှင့် ဥပဒေဆိုင်ရာ ဂျာနယ် ၄ စောင်၊ မူခင်းနှင့် ဥပဒေဆိုင်ရာ မဂ္ဂဇင်း ၈ စောင် စုစုပေါင်း ဂျာနယ် မဂ္ဂဇင်း ၅၄ ခုဖြစ်ပါတယ်။



# သတင်းတိုထွာဖတ်စရာ

## သခင်လှကွန်း ကွယ်လွန်

မြန်မာ့ နိုင်ငံရေးသမိုင်းမှာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သူ ဝါရင့် နိုင်ငံရေးသမားကြီးများအဖွဲ့ဝင် သခင်လှကွန်းဟာ ဒီဇင်ဘာ ၄ ရက်နေ့မနက်က ရန်ကုန်မြို့နေအိမ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကာလတော်လှန်ရေးကာလမှာ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ပြီး အသိပညာစာပေအများအပြားရေးသားခဲ့သူလည်းဖြစ်ပါတယ်။ စာရေးဆရာ သတင်းစာဆရာ တဦးအဖြစ်ထင်ရှားခဲ့တဲ့ သခင်လှကွန်းဟာ ကွယ်လွန်ချိန်မှာ အသက် ၉၀ ရှိပြီလို့ သိရပါတယ်။ (RFA , Dec, 7-2011)

---

## ဂီတနဲ့ ရုံပုံငွေ ဈေးရောင်းပွဲ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက်က ပြည်တောင်စုတိုင်းရင်းသားများ ပညာရေးရုံပုံငွေ ဂီတဖျော်ဖြေပွဲနဲ့ ဈေးရောင်းပွဲတော် ကြီးမှူးကျင်းပမယ့်လို့ဆိုပါတယ်။ ဒီပွဲတော်ကို ရန်ကုန် သုဝဏ္ဏမိုးလုံလေလုံ အားကစားကွင်းမှာ ကျင်းပမှာဖြစ်ပြီး နာမည်ကြီး အဆိုတော်တွေ တေးဂီတပညာရှင်တွေ အများအပြားပါဝင် တီးမှုတ် သီဆိုဖျော်ဖြေကြမယ်လို့သိရပါတယ်။ Emperor , Lazy Club , spectrum တို့လည်း ပါဝင်တီးခတ်ကြမယ်လို့လည်း သတင်းရရှိပါတယ်။ (RFA , Dec, 6-2011)

---

## အာဆီယံ သတိထားပေတော့

လတ်တလော အမေရိကန်နိုင်ငံရေးခြားရေးဝန်ကြီးကလင်တန်ရဲ့မြန်မာနိုင်ငံခရီးစဉ်ဟာ သမိုင်းတွင်မယ့် ခရီးစဉ်ဖြစ်တယ်လို့ဆိုပါတယ်။ မြန်မာနဲ့အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုခိုင်မာတဲ့သဘောကို ပြသလိုက်တာဖြစ်တယ်လို့ သတင်းများက ဆိုပါတယ်။ တချိန်တည်းမှာပဲ အရှေ့တောင်အာရှရဲ့ နိုင်ငံရေးရောင်ခြည်ဦးကို လှစ်ဟပြလိုက်တာလို့ သုံးသပ်သူတွေလည်းရှိပါတယ်။ စိတ်မရှည်သူတွေအတွက် သတိထားဝေဖန်ကြဖို့ မီးစိမ်းပြလိုက်သလိုဖြစ်တယ်လို့လည်း သုံးသပ်သူတွေကဆိုပါတယ်။ (The Japan Times , Dec, 6-2011)

---

## မက်ဒေါ်နား ဟန်ဘာကာနဲ့ ရန်ကုန်

မြန်မာနိုင်ငံမှာ မက်ဒေါ်နားဟန်ဘာကာ(အသားညှပ်ပေါင်မုံ့)ဆိုင်ဖွင့်ဖို့ စဉ်းစားနေပြီလို့ သတင်းတွေကဆိုပါတယ်၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန် မြန်မာနိုင်ငံသွားရောက်ခဲ့ပြီးတဲ့နောက် အခုလို မက်ဒေါ်နားဟန်ဘာကာဆိုင်ဖွင့်ဖို့ စဉ်းသားလာတာဖြစ်တယ်လို့ဆိုပါတယ်။ ကမ္ဘာ့အရသာအရှိဆုံးအစားအစာနဲ့ အလှမ်းဝေးနေတဲ့ မြန်မာနဲ့ မြောက်ကိုရီးယားနိုင်ငံတွေမှာ အခုလို မက်ဒေါ်နာအသားညှပ်ပေါင်မုံ့ဆိုင်တွေ ဖွင့်နိုင်ဖို့ အခက်အခဲများစွာ ရှိနေခဲ့တာဖြစ်ပါတယ်။ (Finance Asia , Dec, 6-2011)

---

## နာဂစ်ဒေသရေရရှိရေး စင်ကာပူ လှူဒါန်း

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး Mr Shanmugam ဟာ ဝန်ကြီးဦးဝဏ္ဏမောင်လွင်ရဲ့ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကို လာရောက်မယ်လို့ဆိုပါတယ်။ နေပြည်တော်မှာသမတဦးသိန်းစိန်အပါအဝင်အထက်အောက်လွှတ်တော်အမတ်များနဲ့လည်းတွေ့ဆုံမယ်လို့သိရပါတယ်။ နာဂစ်ဒေသရေရရှိရေး ရေတွင်းပေါင်း ၃၅၀ ကျော်အတွက် ဒေါ်လာ ၅ သန်းတန်ဖိုးရှိတဲ့ လိုအပ်တဲ့ပစ္စည်းများကိုလည်း လှူဒါန်းမယ်လို့လည်းသိရပါတယ်။ (Channel NewsAsia , Dec, 7-2011)

---

## ဗာတီကဲန်မှ ကောင်းချီးပေး

မြန်မာတိုင်းရင်းပြည်သူများ သာယာဝပြောစေရေး ပုပ်ရဟန်းမင်းကြီး၏ သဝဏ်လွှာမှ မေတ္တာပို့ချက်ကို ရန်ကုန်ရှိ St Mary’s Cathedral ဘုရားကျောင်းကြီး နှစ်ရာပြည့်အခမ်းအနားတွင် မြန်မာနိုင်ငံရောက် ရဟန်းကြီး Martino မှ ဖတ်ကြား၏။ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ဆက်ဆံရေးပွင့်လင်းလာတဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအပေါ် Vatican မှ ကောင်းချီးပေးလိုက်တာလို့ိုပါတယ်။ ဒီအခမ်းအနားကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘာသာရေးခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြတယ်လို့သတင်းများကဆိုပါတယ်။ (RFA , Dec, 8-2011)

---

## အပြောကတော့ ရွှေမန်း

“ယုံကြည်ချက်ကြောင့်အကျဉ်းကျနေသူ၊ နိုင်ငံရေးအကျဉ်းသားစတဲ့ စကားရပ်တွေအပေါ်မှာ ဘာမှ အငြင်းပွားမနေပဲ၊ အားလုံးပါဝင်နိုင်ဖို့အတွက်နိုင်ငံ့အရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားပြီးတော့လုပ်မယ့် ပုဂ္ဂိုလ်မျိုးကို အထူးဦးစားပေး စဉ်းစားရေးအတွက် ဆောင်ရွက်ပါမယ်လို့ ဒီလိုပြောခဲ့တာရှိပါတယ်။ နောက်တခုက ဘယ်ရက်လဲဆိုတာကတော့ နီးလာပြီလို့ပဲပြောလို့ရတယ်လေ။”

နေပြည်တော်ရောက် ဝန်ကြီးကလင်တန်နဲ့တွေ့ဆုံပြီးနောက် ဦးရွှေမန်းက သတင်းထောက်များကိုပြောပြခဲ့တာဖြစ်ပါတယ်။ (VOB , Dec, 6-2011)

---

## ကိုရီးယားမှ မြန်မာကိုသင်တန်းပေး

ကိုရီးယား မြန်မာနှစ်နိုင်ငံသဘောတူညီချက်အရ မြန်မာသင်တန်းသား ၁၁၀၀ ကို ကိုရီးယားနိုင်ငံသို့ ကျွမ်းကျင်သင်တန်းများကို တက်ရောက်သင်ကြားမယ်လို့ဆိုပါတယ်။ ဒီသင်တန်းကို The Korea International Cooperation Agency (KOICA) အစီအစဉ်မှ တာဝန်ခံပြုလုပ်တာဖြစ်ပြီး သင်တန်းအမျိုးအစား ၁၀၀ ကျော်နဲ့ သင်တန်းပေးသွားမယ်လို့ဆိုပါတယ်။ ၁၉၉၈ ခုနှစ်ကစလို့ ကိုရီးယားပညာရှင် ၁၁၅ ယောက်လည်း မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး စိုက်ပျိုးရေးနဲ့စက်မှုနည်းပညာရေးဆိုင်ရာများကူညီပေးရန် စေလွှတ်ထားတယ်လို့ သတင်းကဆိုပါတယ်။ (Xinhua , Dec, 7-2011)

# ကချင်စစ်ပြေးဒုက္ခသည်တွေကို လူမှုရေး ပရဟိတအဖွဲ့တွေစုပြီး သွားရောက်ကူညီ

**VOA| ဒီဇင်ဘာ ၆ ။** ။ ကချင်ပြည်ဘက်မှာ အစိုးရတပ်တွေနဲ့ KIA ကချင်လွတ်မြောက်ရေးတပ်တွေကြား ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကြောင့် ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို လူမှုရေးဆောင်ရွက်ပေးနေကြတဲ့ ပရဟိတအဖွဲ့တွေစုပြီး ကချင်ပြည်နယ်မှာသွားပြီးတော့ ကူညီနေကြပါတယ်။

၆ လပြည့်ခါနီးပြီဖြစ်တဲ့ အစိုးရတပ်တွေနဲ့ ကချင်လက် နက်ကိုင်တွေရဲ့ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြသူတွေ ပိုပိုများနေချိန်မှာ မန္တလေးမြို့အခြေစိုက် ပရဟိတလုပ်နေတဲ့အဖွဲ့တွေ စုပေါင်းပြီးတော့ ကချင်ပြည်ဘက်က ဒုက္ခသည်တွေအတွက် အကူအညီပေးဖို့ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ကလေးများချစ်သူများကွန်ယက်ဆိုတဲ့အဖွဲ့ဖွဲ့ပြီးစစ်ကြောင့်ဒုက္ခရောက်နေကြတဲ့ကလေးတွေ ပြည်သူတွေကို ကချင်ပြည်နယ်အထိ သွားပြီး ကူညီနေတာဖြစ်တယ်လို့ မန္တလေးမှာကျန်ခဲ့တဲ့အဖွဲ့ဝင်ကိုသိန်းအောင်မြင့်ကပြောပါတယ်။ ဒီဇင်ဘာလ ၄ ရက်နေ့ထဲက အ ဖွဲ့ဝင်တချို့ မြစ်ကြီးနားကိုရောက်နေကြပါတယ်။

"တိုက်ပွဲဖြစ်တဲ့နေရာမျိုးရဲ့ပတ်ဝန်းကျင်မှာ လုပ်ရတဲ့နေရာမျိုးတွေပေါ့။ အစိုးရသတ်မှတ်ထားတဲ့ သွားလို့ရတဲ့နေရာမျိုးတွေကိုကျနော် တို့မိတ်ဆွေတွေသွားနေကြတယ်။ ဒီကတော့ အဝတ်အထည်တွေလည်းပါတယ်၊ ငွေကြေးလည်းပါပါတယ်။ ဆန်တွေလည်းပါပါတယ်။ တီးဝိုင်းတွေလည်းပါပါတယ်။ ဆရာဝန်တွေလည်းလိုက်သွားကြပါတယ်ခင်ဗျ။

မနေ့ကတော့ တနာရီလောက်ကို မြစ်ကြီးနားကို ရောက်တယ်။ မြစ်ကြီးနားကမြို့ခံတွေနဲ့ ချိတ်ဆက်ပြီးတော့ သွားလို့ရတဲ့နေရာအထိ ဆက်ပြီး သွားနေတယ်ဆိုတော့ မနေ့က ကျနော်တို့ဆီ ဖုန်းဆက်လိုက်လို့သိရတယ်။ မနေ့က မန္တလေးမြို့က ရှိတဲ့ဆရာဝန်တွေလည်း ထပ်ပြီးတော့လိုက်သွားကြတယ်"

ခုလို ကချင်ပြည်ဘက်က စစ်ပြေးဒုက္ခသည်တွေကို အကူအညီပေးဖို့ နာရေးကူညီမှုအသင်းက ကိုကျော်သူနဲ့အဖွဲ့လည်း မြစ်ကြီးနားဘက်ကို ရောက်နေပါတယ်။ မြစ်ကြီးနားမှာကို ဒုက္ခသည်စခန်းတွေက အများကြီးရှိနေသလို တိုက်ပွဲတွေဖြစ်နေတဲ့ နေရာတွေမှာလည်း သွားလာရေးအခက်အခဲကြောင့် အားလုံးဆီသွားပြီး ကူညီဖို့အခက်အခဲရှိတယ်လို့ ကိုကျော်သူက VOA မြန်မာပိုင်းကို ပြောပါ တယ်။

"စခန်းတွေက တော်တော်များတယ်။ စခန်းတိုင်းကို သွားဖို့တော့ သိပ်တော့မလွယ်ဘူး။ သွားရေးလာရေးကလည်း ခက်တယ်ဆိုတော့ ဟိုမှာက တော်တော်အခြေအနေဆိုးနေတယ်။ ဗန်းမော်ဘက်မှာက တိုက်ပွဲမဖြစ်တဲ့ ငြိမ်းချမ်းတဲ့နေရာက ဒုက္ခသည်တွေကို ဟိုဘက်မှာ တောထဲမှာကအများကြီးကျန်သေးတယ်။ တောထဲကနယ်စပ်ကျတော့ ခရစ်ယာန် church တွေ ဘာတွေမှာ သွားပြီးနေတယ်။

အဲဒီဘက်မှာပါ တိုက်ပွဲဖြစ်တော့ တောထဲထွက်ပြေးရတယ်၊ တောထဲနေတဲ့ ဒုက္ခသည်တွေကတော့ တော်တော်ဒုက္ခရောက်တယ်။ တောထဲမှာကတော့ အများအားဖြင့်ကတော့ ဒီမှာဒုက္ခသည်စခန်းတွေမှာ တွေ့တယ်ဆိုရင် ကလေးနဲ့ အမျိုးသမီးတွေပဲတွေ့တာများ တယ်။ သက်ကြီးရွယ်အိုတွေက ကယ်ဆယ်ရေးစခန်းထိရောက်အောင် သိပ်မလိုက်နိုင်ဘူး"

နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကြောင့် အစိုးရနဲ့ KIO ကြားတင်းမာလာခဲ့ပြီးတော့ တာပိန်ရေအားလျှပ်စစ် စီမံကိန်းလုံခြုံရေးကိစ္စနဲ့ June လဆန်းကစပြီး တိုက်ပွဲတွေဖြစ်နေတာဖြစ်ပါတယ်။ လောလောဆယ် တိုက်ပွဲတွေ ဖြစ်နေတာကတော့ KIA တပ်မဟာ ၃ ရှိရာ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ထဲက မိုင်ဂျားယန်နဲ့ ရှမ်းပြည်မြောက်ပိုင်းက တပ်မဟာ ၅ နယ်မြေဘက်မှာ တိုက်ပွဲတွေ ဖြစ်နေတာပါ။ စစ်ဘေးဒုက္ခသည်တွေ ဘေးလွတ်ရာတွေကို ထွက်ပြေးနေကြတာဖြစ်ပါတယ်။ ကလေးများချစ်သူ ကွန်ယက်ကတော့ သူ တို့တတ်နိုင်သမျှအကူအညီပေးသွားမယ်လို့ ဆိုပါတယ်။

"အဲဒီဒေသမှာရှိတဲ့ တကယ်ဒုက္ခရောက်နေတဲ့ သွားလာမှုခက်ခဲတဲ့နေရာမျိုးတွေကို ကျနော်တို့ နိုင်သလောက် အကူအညီပေးမယ်။ နောက်ထပ်လည်း ထပ်ပြီးတော့ သွားလာနိုင်ဖို့အတွက် လာပြီးတော့ လှူဒါန်းထားတဲ့ပစ္စည်းတွေ အများကြီးရှိပါတယ်။ တချို့ကလည်း ငွေကြေးလှူတယ်၊ တချို့လည်း အဝတ်အစားတွေလှူတယ်။

တချို့ကျတော့လည်း ဆန်အိတ်တွေလှူတယ်၊ တချို့ကျတော့လည်း ဆေးတွေလှူတယ်ပေါ့။ ပစ္စည်းကတော့ တော်တော်များများစုံစုံလေးလှူကြပါတယ်ခင်ဗျ။ ရှေ့ကသွားနေတဲ့လူတွေနောက်ကို မလိုက်နိုင်ရင်တောင် ပါဆယ်တွေနဲ့ မြစ်ကြီးနားအထိရောက်အောင် ထပ်ပြီးတော့ စီမံနေတယ်ခင်ဗျ"

တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြတဲ့ ဒုက္ခသည်တွေရဲ့အခြေအနေကို ကိုယ်တိုင်မြင်တွေ့ကြရတဲ့အတွက် ခုလို သွားလှူဖို့ဖြစ်လာတာလို့ ကလေးများချစ်သူကွန်ယက်က ကိုသိန်းမြင့်အောင်ကဆိုပါတယ်။

"တချို့တွေကပေါ့နော်၊ မိဘတွေနဲ့သားသမီးတွေက တကွဲတပြားစီဖြစ်နေတယ်။ တရုတ်ပြည်ဘက်ကို ရောက်သွားတာတွေရှိတယ်။ တချို့ကျတော့ မန္တလေးဘက်ကို ဆင်းလာတာတွေ ရှိတယ်ပေါ့။ တချို့ကျတော့လည်း ကျန်းမာရေး တော်တော်ချို့ယွင်းလာတဲ့ အနေအထားတွေရှိတယ်လေ။ ကျနော်တို့ကြားသိရတဲ့သတင်းတွေမှာစိတ်မကောင်းဖြစ်ပြီး ဝိုင်းကူညီနေကြတာပါခင်ဗျာ"

တိုက်ပွဲတွေဖြစ်နေချိန် ဒုက္ခသည်တွေကိုအကူအညီပေးတာထက် စစ်ပွဲတွေပြီးသွားချိန်မှာ ဆက်ပြီး အကူအညီပေးနိုင်ဖို့ အရေးကြီးတယ်လို့ မြစ်ကြီးနားမှာ ကိုယ်တိုင်ရောက်ပြီးတော့ ကူညီနေတဲ့ နာရေးကူညီမှုအသင်းက ကိုကျော်သူက သုံးသပ်ပါတယ်။

"စစ်ပွဲအခုဖြစ်နေတဲ့အချိန်မှာ ကျနော်တို့ ကယ်ဆယ်ရေးအဖွဲ့တွေက သွားနိုင်သလောက်သွားပေးတယ်။ ဥပမာ ယူအဲန်အဖွဲ့တွေလည်း ရောက်နေတယ်။ သို့သော် စစ်ပွဲပြီးသွားပြီ၊ ငြိမ်းချမ်း ရေးယူလိုက်ပြီဆိုရင် UN အဖွဲ့တို့၊ ကယ်ဆယ်ရေးအဖွဲ့တို့က ပြန်ကြတော့မယ်။

ပြန်တဲ့အခါကျတော့မှ သူတို့ ပိုပြီး ဒုက္ခရောက်မယ်။ ဘာလို့လဲဆိုတော့ သူတို့လယ်တွေ၊ မြေတွေ၊ သီးနှံစားပင်တွေက မရှိတော့ဘူး။ အကုန်ပျက်စီးကုန်ပြီ။ အိမ်ယာတွေအားလုံးစွန့်ပြီး ပြန်လာရတာ။ အဲဒီဟာကိုပြန်ပြီးတော့ ပျိုးထောင်ဖို့၊ နောက် 2012 မှာ စားဝတ်နေရေးက တော်တော်ကြပ်တည်းသွားလိမ့်မယ်။ အဲဒါတော့ ကျနော်တို့ ကြိုမြင်တာ ပေါ့လေ။"

အခုလက်ရှိမြစ်ကြီးနားမှာကို လုံခြုံရေးတင်းကြပ်နေပြီးညဘက်အပြင်ထွက်ဖို့လည်း အခက်အခဲရှိနေတဲ့အတွက် ဒုက္ခသည်အကူအညီပေးသူတွေ သွားရေးလာရေး အခက်အခဲဖြစ်နေကြပါတယ်။ ဒုက္ခသည်တွေအနေနဲ့ငွေကြေးအပြင် ချက်ပြုတ်စားစရာတွေအဝတ်အထည်တွေလိုအပ်နေကြတယ်လို့အကူအညီပေးနေသူတွေကပြောကြပါတယ်။

**ပြကွဒိန်မှ**

**ဒီဇင်ဘာ ၆ ၊** DVB ။ ။ ဦးတင်ဦးသည် အရွယ်ကြောင့် ရွေးကောက်ပွဲတွင် ဝင်ရောက်မယှဉ်ပြိုင်ဟုဆို။

**ဒီဇင်ဘာ ၆ ၊** DVB ။ ။ ယခင်အပတ်ထဲအတည်ပြုခဲ့သည့် ဥပဒေသစ်အရ ကိုယ်ပိုင်ကျောင်းများအား အစိုးရနှင့်ဆန့်ကျင်သော ဆွေးနွေးမှု၊ သင်ချမှုများပြုလျှင် ထောင် ၃ နှစ်အထိကျနိုင်ကြောင်း။

**ဒီဇင်ဘာ ၇ ၊** Channel NewAsia ။ ။ ယခင်အပတ်က ရှမ်းပြည်နယ်တပ် (တောင်) နှင့် ဆွေးနွေးခဲ့ရမှုသည် မြန်မာအစိုးရအတွက် နှစ် ၆၀ ခန့်အတွင်း အသိသာအထင်ရှားဆုံးဖြစ်ရပ်ဖြစ်ကြောင်း ICG မှ ဆို၏။

**ဒီဇင်ဘာ ၇ ၊** IRIN ။ ။ မြန်မာသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သူများ အရည်အတွက်အရကြည့်လျှင် အကူအညီအနည်းဆုံးရသော နိုင်ငံဖြစ်ကြောင်း ဂျနီဗာအခြေစိုက် အပြည်ပြည်ဆိုင်ရာ မြေမြှုပ်မိုင်းတားမြစ်ရေးကင်ပိန်း (ICBL) မှ Yeshua Moser-Puangsuwan မှ ဆို၏။

**ဒီဇင်ဘာ ၇ ၊** Daily Star, B’desh ။ ။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သည် မြန်မာနှင့် တရားဝင်ကုန်ကူးနိုင်ရန် မြန်မာသို့ ၃၈ ဦးပါ ကုန်သွယ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ ဖြင့် ၂ ရက်ခရီး နှင်ခဲ့၏။

**ဒီဇင်ဘာ ၇ ၊** International Business Times ။ ။ အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ဟီလာရီကလင်တန် မြန်မာမှ ပြန်လည်ထွက်ခွာပြီး နာရီပိုင်းအတွင်း ရန်ကုန်တွင် မြေဈေးများတက်ခဲ့၏။

**ဒီဇင်ဘာ ၇ ၊** AsiaNews ။ ။ မြန်မာတိုင်းရင်းပြည်သူများ သာယာဝပြောစေရေး ပုပ်ရဟန်းမင်းကြီး၏ သဝဏ်လွှာမှ မေတ္တာပို့ချက်ကို ရန်ကုန်ရှိ St Mary’s Cathedral ဘုရားကျောင်းကြီး နှစ်ရာပြည့် အခမ်းအနားတွင် မြန်မာရောက် ရဟန်းကြီး Cardinal Renato Raffaele Martino မှ ဖတ်ကြား၏။ မြန်မာနိုင်ငံဘာသာပေါင်းစုံခေါင်းဆောင်များအပြင် ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်ခဲ့၏။

**ဒီဇင်ဘာ ၇ ၊** Nation ။ ။ မြန်မာတွင် လေအားသုံးစီမံကိန်းများအတွက် ထိုင်းနိုင်ငံ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးအာဏာပိုင် (EGAT) တို့နှင့်အတူ Gunkul Engineering လည်းပါဝင်ရန် သဘောတူမှတ်တမ်းတင်ခဲ့ကြောင်း။။

**ဒီဇင်ဘာ ၇ ၊** PTI ။ ။ တရားမဝင် မြန်မာသို့ နယ်ကျွံလာ၍ ထိမ်းသိမ်းထားသော အိန္ဒိယမှ သတင်းထောက် ၂ ဦးကို အိန္ဒိယသို့ ပြန်ပို့မည်ဟု မြန်မာမှ အိန္ဒိယသို့ ဆို၏။

**ဒီဇင်ဘာ ၇ ၊** ANI ။ ။ အိန္ဒိယပြည်ဖြတ်သည့် ၃၆ မိုင်ခန့်ရှိ Stilwell လမ်းသည် တရုပ်မြန်မာတို့သို့ ဆက်သွယ်သည့်လမ်းဖြစ်ပြီး မကြာမီအသက်ဝင်အရေးကြီးလာမည်ဖြစ်၍ အိန္ဒိယသည် မွမ်းမံနေ၏။

**ဒီဇင်ဘာ ၇ ၊** Korea Times ။ ။ မြန်မာရေးရာကိုင်တွယ်သော အမေရိကန်အရာရှိ Deek Mitchell သည် ယနေ့ တောင်ကိုးရီးယားသို့ ရောက်ရှိမည်။ နောက်ဂျပန်နှင့် တရုပ်ပြည် တို့သို့ ခရီးနှင်မည်။

**ဒီဇင်ဘာ ၇ ၊** Irrawaddy ။ ။ အဲန်အဲလ်ဒီ ဦးလွင် (၈၈နှစ်) သည် ဒီဇင်ဘာ ၇တွင် ကွယ်လွန်၏။

**ဒီဇင်ဘာ ၇ ၊** WTN ။ ။ မြန်မာသည် လူ့အခွင့်အရေးတွင် ပိုပြင်စွာ လုပ်ကိုင်သက်သေပြရန်လိုကြောင်း အမေရိကန်ကွန်ဂရက်အမတ် Joseph Crowely မှ ရောဝတီသို့ ဆို၏။

**ဒီဇင်ဘာ ၇ ၊** Mizzima ။ ။ ညီအကိုနှစ်ယောက်ဦးစီးသည့် Union of Myanmar Federation of National Politics and ၈၈ Generation Student Youths (Union of Myanmar) တို့အား ပါတီတို့အား ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပယ်ဖွယ်ရှိကြောင်း။

**ဒီဇင်ဘာ ၇ ၊** Mizzima ။ ။ ပါတီဆယ်ခုပါ ဒီမိုကရေစီမိတ်ဆွေများအဖွဲ့သည် ကြံ့ဖွံ့နှင့်တွေ့ဆုံကာ အဆိုပြုမှုဥပဒေမူကြမ်းတင်သွင်းမည်ဆိုလျှင် နိုင်ငံရေးပါတီတိုင်းအား အကြောင်းကြားရန် တောင်းဆို၏။

**ဒီဇင်ဘာ ၇ ၊** DVB ။ ။ စီးပွားရေးနှင့် ပြစ်မှုမဂ္ဂဇင်းများသည် လတ်တလော ပထမအကြိမ် စင်စာမဲ့ဖြင့် ဒီဇင်ဘာ ၉ တွင် စထွက်လာမည်။

**ဒီဇင်ဘာ ၇ ၊** DVB ။ ။ ထိုင်းနိုင်ငံပြန်လည် နလံထူရေးအတွက် မြန်မာမှ လုပ်သားများအား ထိုင်းသည် လေယဉ်များဖြင့် ခေါ်ယူနေ၏။

**ဒီဇင်ဘာ ၈ ၊** RFA ။ ။ ရခိုင်ပြည်နယ်ရှိ တရုတ်ရေနံ ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုမပြုရန် သတိပေးချက်ကို မျက်ကွယ်ပြုလုပ်လိုက်သည့် နော်ဝေအစိုးရ၏လုပ်ရပ်အား လူ့အခွင့်အရေးလှုပ်ရှားသူများမှ ပြစ်တင်ရှုတ်ချ၏။

**ဒီဇင်ဘာ ၈ ၊ RFA** ။ ။ ဦးလွင် (၈၈နှစ်) ၏ အသုဘအခန်းအနားကို ရေဝေးသုသာန်တွင် ပြုလုပ်ခဲ့၏။

**ဒီဇင်ဘာ ၈ ၊ VOA** ။ ။ အကိုဦးအောင်ဆန်းဦးနှင့် နေအိမ်အမွေအမှုတွင် တရားဝင်ရှေ့နေကိုယ်စားလှယ် လွှဲအပ်ခန့်ထားခြင်းမပြုဘဲ ကိုယ်တိုင် လျှောက်လဲရင်ဆိုင်မည်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဒီဇင်ဘာ ၉ ၊ VOA** ။ ။ အမေရိကန်သည် မိမိ၏ မြန်မာခြေလှမ်းများကို မြန်မာ့မိတ်ဆွေနိုင်ငံများနှင့် ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း ဖြင့်ဆို၏။

**ဒီဇင်ဘာ ၉ ၊ VOA** ။ ။ အကျဉ်းသားများအနက် နိုင်ငံရေးဆောင်ရွက်မည့်သူမျိုးကို ဦးစားပေးလွှတ်ရန် နီးလာကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်းမှဆို၏။

**ဒီဇင်ဘာ၉ ၊ RFA** ။ ။ ဒီဇင်ဘာ ၁၅ တွင် NLD ပညာရေးကွန်ယက်မှပြုလုပ်မည့် ကျောင်းပညာရေးအတွက် NLD ရန်ပုံငွေဂီတပွဲ ကျင်းပခွင့်မရကြောင်း။

**ဒီဇင်ဘာ ၉ ၊ RFA** ။ ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မှသာ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည်အဖွဲ့ လုပ်ငန်းများ အောင်မြင်နိုင်မည်ဟု ဥပဒေပညာရှင်အချို့မှ ဆို၏။

**ဒီဇင်ဘာ ၁၀ ၊** RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းဆောင်ရွက်နေသော ငြိမ်းချမ်းရေးပန်းတိုင်သို့ တက်လှမ်းနိုင်ရန် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် ဒေါ်အောင်ဆန်းစုကြည်၏ နိုဘဲလ်ငြိမ်းချမ်းရေးဆုရရှိခြင်း အနှစ် ၂၀ ပြည့် အခမ်းအနားတွင် ဦးဝင်းတင်မှ ပန်ကြား၏။

**ဒီဇင်ဘာ ၁၀ ၊** RFA ။ ။ ကချင်ပြည်နယ်အတွင်း ဖြစ်နေသော တိုက်ပွဲများကြောင့် တရုတ်ပြည်ရောက် စစ်ပြေးဒုက္ခသည်များအား မြန်မာဘက်သို့ ပြန်ကြရန်တရုတ်အာဏာပိုင်များမှ ယမန်နေ့က လောရောက်ပြောဆိုကြောင်း။

**ဒီဇင်ဘာ ၁၀ ၊** RFA ။ ။ ကြားဖြတ်ရွေးကောက်ပွဲတွင် အဲန်အဲလ်ဒီအမတ်များ အောင်နိုင်ရေးအတွက် တောင်ငူ၊ မြိတ် ခရိုင်တို့တွင် ကော်မတီများဖွဲ့လှုပ်ရှားနေ၏။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးတာဝန်ယူခဲ့သူ ဦးလွင် ကွယ်လွန်

**VOA၊ ဒီဇင်ဘာ ၆ ။** ။ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးတာဝန်ယူခဲ့သူ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်ကနိုင်ငံတော်ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးလွင်ဟာ ဒီဇင်ဘာလ ၆ ရက်နေ့ ညနေက ကွယ်လွန်သွားခဲ့ပါတယ်။

ရန်ကုန်၊ ကမ္ဘာ့ဇရိပ်သာနေ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးဦးလွင်ဟာ ဒီဇင်ဘာလ ၆ ရက်နေ့၊ ည ၈ နာရီနဲ့ မိနစ် ၄၀ မှာ လူကြီးရောဂါနဲ့ ကွယ်လွန်အနိစ္စရောက်သွားပါတယ်။လာမယ့် ကြာသာပတေးနေ့ ဒီဇင်ဘာ ၈ ရက်၊ မွန်းလွဲ ၁ နာရီ ခွဲမှာ ရေဝေးသုသာန်ကို ပို့ဆောင်မီးသဂြိုဟ်မှာဖြစ်ပါတယ်။

ဦးလွင်ဟာ ၁၉၈၈ခုနှစ်မှာ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းခဲ့တဲ့အချိန်ကတည်းက ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် NLD ကို ပြန်လည်ဖွဲ့စည်းခဲ့တဲ့အချိန်မှာ NLD ရဲ့ အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သူပါ၊ ဒီမိုကရေစီရေးလှုပ်ရှားမှုမှာပါဝင်ပြီး ဦးဆောင်ဦးရွက်တာဝန်ယူခဲ့တဲ့ အရင်မျိုးချစ်တပ်မတော် အရာရှိဟောင်းတဦးဖြစ်သလို အရင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်က အစိုးရရဲ့ ထိပ်တန်းတာဝန်ယူခဲ့တဲ့ ခေါင်းဆောင်အကြီးအကဲဟောင်း တယောက်လည်း ဖြစ်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ ဦးလွင်ဟာ ၁၉၉၀ ခုနှစ်နောက်ပိုင်း NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နိုင်ငံရေးပါတီတခုအဖြစ်ဆက်လက်ရပ်တည်နိုင်ရေးမှာနောင့်ယှက်ခြိမ်းခြောက်မှုတွေ အမျိုးမျိုးကြားက ရန်းကန်နိုင်အောင် NLD ဥက္ကဋ္ဌဦးအောင်ရွှေကို အဓိကကူညီပေးနိုင်ခဲ့သူတွေထဲက တဦးဖြစ်တယ်ဆိုပြီး ၁၉၉၅ ခုနှစ်နဲ့ ၉၆ ခုနှစ်တွေက ဂျပန်နိုင်ငံထုတ် Mainichi သတင်းစာကို ရေးပို့ခဲ့တဲ့ မြန်မာပြည်ကလာတဲ့စာမှာ ရေးသားခဲ့ဖူးပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်လို့ ဘီအိုင်အေ (BIA) ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲကို ဝင်ခဲ့တဲ့အချိန်မှာ ဦးလွင်ဟာ အသက် ၁၈ နှစ်ပဲ ရှိပါသေးတယ်။ ၁၉၄၃ ခုနှစ် ဩဂုတ်လမှာ ဂျပန်နိုင်ငံ Rikugan Shikan Gakko ဗိုလ်သင်တန်းကျောင်းမှာ သင်တန်းတက်ဖို့ စေလွှတ်ခံခဲ့ရတဲ့ မြန်မာအရာရှိလောင်းတွေထဲက တဦးလည်း ဖြစ်ပါတယ်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ မြန်မာအရာရှိငယ်လေးတွေ စစ်သင်တန်းပြီးတဲ့အချိန် မြန်မာနိုင်ငံမှာ ဖက်ဆစ်တော်လှန်ရေး စနေတဲ့အချိန်၊ ဦးလွင်နဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဘက် အရာရှိငယ်တွေဟာ ဂျပန်နိုင်ငံ Hakone မှာ ၁၉၄၅ ခုနှစ် အောက်တိုဘာလအထိ နေခဲ့ရပြီး သူတို့ စားဖို့ သောက်ဖို့ မီးသွေးဖုတ်ရောင်းခဲ့ရတယ်လို့ ပြောပါတယ်။

လွတ်လပ်ရေးရပြီးတဲ့နောက် ဦးလွင်ဟာ တပ်မတော်ထဲမှာပဲ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြီး အင်္ဂလန်နဲ့အနောက်ဂျာမဏီနိုင်ငံတွေကို စစ်သင်တန်းတွေတက်ဖို့ စေလွှတ်ခံခဲ့ရပါတယ်။ ၁၉၅၉ ခုနှစ်က သူဟာ ဝါရှင်တန်မြို့တော်မှာ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုကပြန်လာပြီး အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်မှာ ရန်ကုန်မှာ ဒုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ဖို့ပြန်ခေါ်ယူတာကို ခံခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းခံခဲ့ရပြီးတဲ့နောက် ဦးလွင်ဟာဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို နောက်ပိုင်းမှာ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံတော်ကောင်စီဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နိုင်ငံတော်ကောင်စီဝင်အဖြစ်က နုတ်ထွက်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် NLD ရဲ့ အတွင်းရေးမှူးတာဝန်ယူပြီးတဲ့ နောက်ပိုင်း ဦးလွင်ဟာ အန်အယ်လ်ဒီရဲ့ ပြောရေးဆိုခွင့်ရှိသူတယောက်အဖြစ်လည်း သတင်းဌာနတွေ တော်တော်များများနဲ့ ထိတွေ့ပြီး နိုင်ငံရေးအခြေအနေ၊ NLD ရဲ့ ရပ်တည်ချက်တွေနဲ့ သဘောထားအမြင်တွေကို ပြောခဲ့သူတယောက်ဖြစ်ပါတယ်။

ဦးလွင်နဲ့တွေ့ဆုံမေးမြန်းခန်းတွေ အများအပြားရှိခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလက ဘုန်းတော်ကြီးကျောင်းတွေကို လုံခြုံရေးတပ်ဖွဲ့တွေက ဝင်သိမ်းတဲ့အချိန် သံဃာတော်တွေဖမ်းဆီးခံရတဲ့အချိန်မှာ VOA က ဦးလွင်ရဲ့သဘောထားအမြင်ကို မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီအချိန်က ဦးလွင်က အခုလို ပြောခဲ့ပါတယ်။

“အန်ကယ့်သဘောထားပြောမယ်နော်- အန်ကယ်အခု ၈၃ နှစ်ရှိပြီ။ ဒီလိုဟာမျိုး ဒီတခါပဲ မြင်ဖူးတယ်။ အဲဒါကလည်း အခုနက ပြောသလို ဒီအရေးအခင်းက နိုင်ငံရေးမှာ ကျနော်တို့က ဝင်ပြီးပါသင့်တယ်ထင်လို့ဝင်ပါလာတာ။ ၃ နှစ်ဆိုပြီး ပါလာတာ၊ အခု ၁၉ နှစ်ကြာပြီ။ အဲဒီတော့ တခါမှ မတွေ့ဖူး မကြုံဖူးတဲ့ကိစ္စကို အခု ၁၉ နှစ် အကြာမှာမြင်ရတယ်။ ၃ နှစ်တန်သည်၊ ၄ နှစ်တန်သည် ပြီးသင့်တဲ့ကိစ္စက ၁၉ နှစ်ကြာတယ်။ မပြီးတဲ့အပြင် အခုလို ဖြစ်ရပ်မျိုးကို အန်ကယ့်တသက်မှာ ဒီတခါပဲမြင်ဖူးတယ်”

တခါက ဦးလွင် ဗွီအိုအေကို ပြောပြခဲ့ဖူးတာပါ။ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ ပြည်တွင်းငြိမ်းချမ်းရေးခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ ဒီမိုကရေစီအရေးတော်ပုံခေတ်၊ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ဖူးတဲ့ဦးလွင်ဟာ ကွယ်လွန်ချိန်မှာ အသက် ၈၇ နှစ်ရှိပြီဖြစ်ပါတယ်။

## မိတ်ဆွေများ ၁၀ ပါတီ ကြံ့ဖွံ့ အောင်သိန်းလင်းနဲ့ ဆွေးနွေး

**RFA၊ ဒီဇင်ဘာ ၅ ။** ။ မိတ်ဆွေများ ၁၀ ပါတီနဲ့ ရန်ကုန်တိုင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက ဦးအောင်သိန်းလင်းတို့ မနေ့က တွေ့ဆုံ ဆွေးနွေးကြပြီး “လွှတ်တော်ပြင်ပ နိုင်ငံရေး”မှာ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားမယ်လို့ သဘောတူခဲ့ကြောင်း သိရပါတယ်။

မနေ့က အစည်းအဝေးမှာ တက်ရောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF ခေါင်းဆောင် ဒေါက်တာသန်းငြိမ်းကပါတီအကျိုးစီးပွားထက် နိုင်ငံအကျိုးကို ရှေ့ရှုပြီးဘယ်ပါတီနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောထားအရဆွေးနွေးခဲ့တာ ဖြစ်ကြောင်း အာရ်အက်ဖ်အေကို ပြောပါတယ်။

ဆွေးနွေးခဲ့ကြတဲ့ အကြောင်းအရာတွေထဲမှာ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး ကိစ္စလည်းပါဝင်ပြီး အဲဒီကိစ္စကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်တွေ အစည်းအဝေးမှာ တင်ပြမယ်လို့ ဦးအောင်သိန်းလင်းက ကတိပေးခဲ့ကြောင်းသိရပါတယ်။

ဒ့ါအပြင် လွှတ်တော်အတွင်း ဥပဒေပြုရေးကိစ္စတွေမှာ ပါတီအချင်းချင်း နားလည်မှုမရှိတဲ့အတွက် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက တင်သွင်းခဲ့တဲ့ လယ်ယာမြေပြုပြင်ရေးဆိုင်ရာဥပဒေမှာ သဘောထားကွဲလွဲပြီး အဲဒီဥပဒေကို ဆိုင်းငံ့ထားရတယ်လို့ ဒေါက်တာသန်းငြိမ်းက ပြောပါတယ်။ ပါတီတွေချင်း လွှတ်တော်ပြင်ပမှာလည်း ဆွေးနွေးကြ မယ်ဆိုရင် အရေးကြီးတဲ့ဥပဒေတွေပြဌာန်းဖို့ တင်သွင်းတဲ့အခါ ကြိုတင်ညှိနိုင်းမှုတွေရှိလာမယ်လို့ဆိုပါတယ်။

# နိုင်ငံရေးအကျဉ်းသားအားလုံး မလွတ်မချင်း ၈၈ မျိုးဆက်များရွေးကောက်ပွဲမဝင်

**Mizzima၊ ဒီဇင်ဘာ ၅ ။** ။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး မလွတ်မချင်း အစိုးရမှကျင်းပသည့် ရွေးကောက်ပွဲများ၌ မည်သည့်နည်းနှင့်မျှ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့က ကြေညာချက်ထုတ်ပြောဆိုလိုက်သည်။

အာလုံးပါဝင်သည့် နိုင်ငံရေးဖြစ်စဉ် ပေါ်ထွန်းရေးအတွက် လိုလားပြီးကျောင်းသားခေါင်းဆောင်များအပါအဝင်တိုင်းရင်းသား၊သံဃာနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ခြင်း မရှိသေးသည့်အတွက် ယခုကဲ့သို့ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟု ဒီဇင်ဘာလ ၅ ရက်ရက်စွဲဖြင့် ထုတ်ပြန်ချက်တွင် ပါရှိသည်။

“၈၈ မျိုးဆက်ကျောင်းသားလူငယ်များအဖွဲ့” ကို ရှစ်လေးလုံးအရေးတော်ပုံအတွင်းပါဝင်ခဲ့သည့် ကျောင်းသားခေါင်းဆောင်များဖြင့် ၂၀၀၅ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ၂၀၀၇ ခုနှစ်တွင် ကိုမင်းကိုနိုင်အပါအဝင် ခေါင်းဆောင်အချို့ဖမ်းဆီးခံခဲ့ရသည်။

အကျဉ်းထောင်ပြင်ပတွင် ကျန်ရစ်ခဲ့သူများမှာ မြေအောက်လှုပ်ရှားမှုပုံစံဖြင့်သာလှုပ်ရှားနိုင်ခဲ့ပြီး အကျဉ်းထောင်များတွင် အဖွဲ့ဝင် ၂၆ ဦး ကျန်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း ၈၈ မျိုးဆက်များအတွင်း တသီးပုဂ္ဂလအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်မည်ဆိုပါက ကန့်ကွက်သွားမည်မဟုတ်သလိုတစုံတရာ မှတ်ချက်ပေးခြင်းမျိုးကိုလည်းလုပ်ဆောင်သွားမည်မဟုတ်ဟု ထုတ်ပြန်ချက်မှတဆင့်ပြောဆိုထားသည်။

၈၈ မျိုးဆက်အနေဖြင့် ရွေးကောက်ပွဲဝင်မည် မဟုတ်သော်လည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ရွေးကောက်ပွဲဝင်မည့်အပေါ် ထောက်ခံကြောင်း ထုတ်ပြန်ချက်၌ပါရှိသည်။

NLD ၏ ဆုံးဖြတ်ချက်မှာ ဒီမိုကရေစီစနစ်အရ အများသဘောတူ ဆုံးဖြတ်ခြင်းဖြစ်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အထွေထွေ သဟဇာတဖြစ်ရေးအတွက် အသင့်တော်ဆုံးလမ်းကြောင်းကို ရွေးချယ်ခြင်းဖြစ်ပြီး ၎င်းတို့၏ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီသွားမည်ဟုလည်း ပါရှိသည်။

ယခုလအစောပိုင်းက မြန်မာနိုင်ငံသို့ရောက်ရှိခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ ခရီးစဉ်အတွင်း အကျဉ်းသားအားလုံးလွှတ်ပေးရန်အတွက်တိုက်တွန်းခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရရွှေမန်းကလည်း လွှတ်ပေးမည်ဟု ကတိပေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ကမူ “နိုင်ငံရေးအကျဉ်းသားဆိုတာ သူ့အချိန်စေ့ရင် ထွက်သွားမှာပဲ” ဟု လွှတ်တော်ကိုယ်စားလှယ်များအား ပြောဆိုခဲ့သည်။ အစိုးရမှ ခင်းပေးသည့် ရွေးကောက်ပွဲလမ်းကြောင်းသို့ ဝင်ရန်အတွက်မူ ယခုချိန်ထိ ဆုံးဖြတ်ထားခြင်းမရှိသေးဘဲ အကျဉ်းထောင်တွင်း ကျခံနေရဆဲဖြစ်သည့် ရဲဘော်ရဲဘက်များ လွတ်မြောက်လာမှသာလျှင် ထပ်မံညှိနှိုင်းဦးမည်ဟု ပြင်ပရှိ ၈၈ ကျောင်းသားအဖွဲ့က ဆုံးဖြတ်ထားသည်။

“ကျနော်တို့ညီအစ်ကိုတွေ ထွက်လာတော့မှပဲ စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တယ်ဗျ။ အခုက ကျနော်တို့ညီအစ်ကိုတွေအားလုံး မဆုံကြသေးဘူးပေါ့နော်။ ဒါတွေက အဖွဲ့ထဲက တဦးတယောက်တည်းနဲ့ ဆုံးဖြတ်လို့ရတဲ့ကိစ္စမဟုတ်ဘူး” ဟု ကိုစိုးထွန်းက ပြောဆိုသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့ကလည်း ရှမ်းပြည်နယ် ကျိုင်းတုံထောင်ရှိ ကိုမင်းကိုနိုင်အား မကွေးတိုင်း သရက်ထောင်သို့ ပြောင်းရွှေ့ခြင်းအပါအဝင် ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ၂၀ ၀၇ သံဃာ့အရေးအခင်းခေါင်းဆောင် ရှင်ဂမ္ဘီရအပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့အား ထောင်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့သည်။

## အေအိုင်ဒီအက်စ် ရံပုံငွေမလုံလောက်က အခက်ကြုံလာနိုင်

**BBC၊ ဒီဇင်ဘာ ၆ ။** ။ မြန်မာနိုင်ငံမှာ HIV/AIDS ရောဂါတိုက်ဖျက်ရေးမှာ ရံပုံငွေမလုံမလောက်ဖြစ်လာရင် အခက်အခဲတွေပိုကြုံလာနိုင်တယ်လို့ ကုလသမဂ္ဂဘက်ကပြောပါတယ်။

Global Fund အဖွဲ့ကနေ မြန်မာနိုင်ငံက နောက်ထပ်စီမံကိန်းတွေမှာ ထည့်ဝင်မယ့်ရံပုံငွေကို မထည့်ဝင်နိုင်တော့ဘူးပြောလိုက်တာမို့ အခြေအနေတွေဟာ ထပ်ဆိုးနိုင်တယ်လို့ အင်္ဂါနေ့က ရန်ကုန်မှာကျင်းပတဲ့ ကုလသမဂ္ဂကိုယ်စားလှယ်တွေ၊ NGO တွေ၊ သံတမန်တွေနဲ့ ပရဟိတလုပ်သားတွေရဲ့ အစည်းအဝေးမှာ ဆွေးနွေးခဲ့ကြပါတယ်။

လက်ရှိ အဓိက စိမ်ခေါ်မှုကတော့ ဘဏ္ဍာငွေအရင်းအမြစ် ပြတ်လပ်မယ့် အန္တရာယ်ဖြစ်တယ်။ HIV/AIDS တိုက်ဖျက်ရေးစီမံကိန်းကို ဆက်လက်ထိန်းထားနိုင်ဖို့နဲ့ တိုးချဲ့နိုင်ဖို့အတွက် ဘဏ္ဍာငွေလိုအပ်မှုတွေရှိနေပါတယ်လို့ ကုလသမဂ္ဂ AIDS တိုက်ဖျက်ရေးဆိုင်ရာ UNAIDS အဖွဲ့ရဲ့ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါက်တာဆန်းဂန်းက BBC ကိုပြောပါတယ်။

HIV/AIDS တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံကနေ ငါးနှစ်စီမံကိန်းအဖြစ် ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ မဟာဗျူဟာမြောက် အမျိုးသားစီမံကိန်းအနေနဲ့ လုပ်ဆောင်နေရာမှာ အခုလက်ရှိ တနှစ်ကိုဒေါ်လာ သန်း ၄၀ နီးပါး သုံးစွဲနေတယ်လို့သိရပါတယ်။ ဦးတည်ချက်ရဲ့ သုံးပုံနှစ်ပုံလောက် သုံးစွဲနိုင်တာဖြစ်ပါတယ်။

လောလောဆယ်မှာ Global Fund အဖွဲ့ဟာ စုစုပေါင်းရံပုံငွေရဲ့ ခန့်မှန်းခြေအားဖြင့် တဝက်နီးပါးလောက် ထောက်ပံ့နေတဲ့ အဖွဲ့အစည်းဖြစ်တယ်လို့ မစ္စတာဆန်းဂန်းကဆိုပါတယ်။ “ရံပုံငွေအလုံအလောက်မရရင်တော့ လက်ရှိသွားနေတဲ့လမ်းကြောင်းထက် အခြေအနေကပိုဆိုးနိုင်ပါတယ်။” လို့သူကပြောပါတယ်။

အသစ်ကူးဆက်မှုနှုန်းတွေပြန်လည်မြင့်မားလာနိုင်သလို ဆေးဝါးလိုအပ်မှုလည်း ပိုများလာနိုင်တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာ HIV/AIDS ချက်ချင်းလက်ငင်း ကူးဆက်နိုင်တဲ့အန္တရာယ်ရှိသူတွေထဲမှာ ပြည့်တန်ဆာတွေ၊ မူးယစ်ဆေးသုံးစွဲသူတွေနဲ့ အမျိုးသားချင်း လိင်ဆက်ဆံသူတွေ ပါဝင်ပါတယ်။

ရံပုံငွေဆိုင်ရာ စိမ်ခေါ်မှုတွေကြောင့် ကုလသမဂ္ဂနဲ့အတူ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့တွေအနေနဲ့ Global Fund အဖွဲ့က ရံပုံငွေပိုပေးနိုင်ဖို့ ပြန်လည်တင်ပြတောင်းဆိုဖို့ရှိသလို တခြားအလှူရှင်နိုင်ငံတွေဆီလည်း ချဉ်းကပ်သွားမယ်။

နောက်ပြီး မြန်မာအစိုးရဘက်ကလည်း HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်းတွေမှာဒိထက်ပိုပြီးရံပုံငွေထည့်ဝင်သုံးစွဲဖို့လည်းတိုက်တွန်းမှာဖြစ်တယ်လို့ မစ္စတာဆန်းဂန်းကပြောပါတယ်။

# ဥပဒေကို အာဏာပိုင်တွေကိုယ်တိုင် လိုက်နာဖို့ ဒေါက်တာအေးမောင်ပြောဆို

**RFA၊ ဒီဇင်ဘာ ၅ ။** ။ ပြဋ္ဌာန်းပြီး ဥပဒေတွေကို အာဏာပိုင်တွေကိုယ်တိုင် လေးစားလိုက်နာအကောင်အထည်ဖော်ဖို့ တိုင်းရင်းသားလွှတ်တော်အမတ်တွေကြိုးစားနေကြောင်းရခိုင်အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌအမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်က RFA ကိုပြောပါတယ်။

အထူးသဖြင့် ရခိုင်ပြည်နယ်က ထုတ်ပယ်ခံရတဲ့ လွှတ်တော်အမတ်တဦးရဲ့ အယူခံနဲ့ပတ်သက်လို့ လာမယ့် ဒီဇင်ဘာ ၉ ရက် တရားလွှတ်တော်ချုပ်ရဲ့အဆုံးအဖြတ်ဟာ ပြီးခဲ့တဲ့ရွေးကောက်ပွဲ တရားမျှတမှု ရှိ မရှိဆိုတာ ပထမဆုံးအကြိမ်တရားဝင်ဆုံးဖြတ်မှာဖြစ်တယ်လို့ ဒေါက်တာအေးမောင်ကပြောပါတယ်။

အလားတူဘဲ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းလောက်က တိုင်းရင်းသားရေးရာဝန်ကြီးရဲ့ လုပ်ပိုင်ခွင့်ဟာ နိုင်ငံရဲ့အခြေခံဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ကွဲလွဲနေတာမို့ ပြင်ဆင်ပြဋ္ဌာန်းပေးဖို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးရဲ့ လျှောက်ထားတင်ပြချက်ကို နေပြည်တော် အခြေခံဥပဒေခုံရုံးက ကြားနာစစ်ဆေးခဲ့တယ်လို့ ဒေါက်တာအေးမောင်ကပြောပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ပတ်သက်တဲ့ပြဋ္ဌာန်းချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ လုပ်ပိုင်ခွင့်တာဝန်တွေကိုတိတိကျကျသတ်မှတ်ပြဋ္ဌာန်းပေးဖို့ တိုင်းရင်းသားလွှတ်တော်အမတ်တွေက ကြိုးစားဆောင်ရွက်နေပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရတွေနဲ့ပတ်သက်တဲ့ အဆောင်အယောင် နဲ့တာဝန်တွေကို အရင်အစိုးရက ပြဋ္ဌာန်းခဲ့တာဆိုတော့ အခု လွှတ်တော်ကျင်းပတဲ့အခါမှာ မကိုက်ညီတာတွေရှိလာပါတယ်။ အထူးသဖြင့် တိုင်းရင်းသားရေးရာနဲ့ပတ်သက်တဲ့ဥပဒေတွေမှာ သဘောထားကွဲလွဲတာတွေရှိလာတာကြောင့် ပြောင်းလဲပြင်ဆင်ပြဋ္ဌာန်းဖို့ အခြေခံဥပဒေခုံရုံးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးက လျှောက်ထားတင်ပြခဲ့တယ်လို့ ရခိုင်အမျိုးသားတိုးတက် ရေးပါတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်က RFA ကို ပြောပါတယ်။

“ပြည်ထောင်စုအဆင့်မှာ ရာထူးနဲ့ပတ်သက်တဲ့ အဆောင်အယောင်ဆိုင်ရာဥပဒေရှိသလို တိုင်းဒေသကြီးမှာလည်း အဆောင်အယောင် ပေ့ါနော် ဒါ ချီးမြှင့်ငွေစရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့တာရှိပါတယ်။ ဒါကတော့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးတာမဟုတ်ပါဘူး။ နယကအစိုးရလက်ထက်က ရှေ့နေချုပ်နဲ့တိုင်ပင်ပြီးတဲ့အခါမှ ပြဋ္ဌာန်းတဲ့ဥပဒေဖြစ်ပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူတည်ပြီးခါမှ ပြဋ္ဌာန်းတဲ့ဥပဒေပါ။

ဒါပေမယ့် ကျနော်တို့အခု ဖွဲ့စည်းပုံအခြေခံဥပဒေကို တကယ်ကျင့်သုံးမယ့်လွှတ်တော်တွေမှာ ပါလီမန်တွေမှာ တိုင်းရင်းသားရေးရာနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်တွေ၊ တခြားပုဂ္ဂိုလ်တွေပါလာတဲ့အခါမှာ ဒီဥပဒေတွေနဲ့ပတ်သက်လို့စောဒကတက်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လျော်ညီအောင် ဘာသာပြန်ပြီးခါမှ ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ဥပဒေတချို့လားဆိုတာကို ကျနော်တို့ စောဒကတက်ပါတယ်။”

နိုဝင်ဘာလ ၂၈ ရက်နေ့ကကျင်းပခဲ့တဲ့ အခြေခံဥပဒေခုံရုံး ကြားနာပွဲနဲ့ပတ်သက်လို့လည်း ဒေါက်တာအေးမောင်က အခုလိုပြောပြပါတယ်။

“ဟိုဘက်က ပြန်ကြားရမယ့်ပုဂ္ဂိုလ်ဟာ ပွင့်ပွင့်လင်းလင်းပြောရလို့ရှိရင် ဒါ ရှေ့နေချုပ်ကိုယ်တိုင်လာရမှာပါ။ ကျနော်တို့က နိုင်ငံတော်နဲ့ပတ်သက်လို့ လွှတ်တော်က တင်ထားတဲ့ဥစ္စာကို နိုင်ငံတော်အဆင့်နဲ့လျော်ညီအောင် အခုန လို ရှေ့နေချုပ်ကိုယ်တိုင် လာရမယ့်ဥစ္စာကို ရှေ့နေချုပ်က သူ့ရဲ့ဥပဒေအရ ပြန်လည်ရှင်းလင်းရမယ့်ပုဂ္ဂိုလ်မှာ ညွှန်ကြားရေးမှူးအဆင့်ကို လွှတ်ပါတယ်။ ဒေါ်ရီရီသန့်ပါ။

သူပြန်ပြောခဲ့ဥစ္စာမှာ သူ တချက်ကလေးကို ကျနော် စွဲစွဲမြဲမြဲမှတ်ထားပါတယ်။ အဲဒါကဘာလည်းဆိုရင် အသုံးအနှုန်းလေးပါ၊ ကျနော်မနေ့ကလည်းပြောပါတယ်။ ‘ဝန်ကြီးဟူ၍’ အသုံးအနှုန်းလေး သုံးထားရုံနှင့် ဆိုလိုတာက သူကဝန်ခံပါတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ‘ဝန်ကြီး’ဆိုပြီးကာမှ သုံးထားပြီလို့ သူကဝန်ခံပါတယ်။

‘ဝန်ကြီးဟူ၍ မမည်’ ဆိုတာက ရှေ့နေချုပ်ရုံးက သူတို့ဘာသာပြန်တာပါ။ အဲဒါက သူတို့ဘာသာပြန်ခွင့်မရှိဘူး။ ဝန်ကြီးဟူ၍ မည်မမည်ကို ကျနော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကဘဲ ဘာသာပြန်ပေးရမှာ။ ခုံ ရုံးက ‘ဝန်ကြီးဟူ၍ မည်သည်’ ဆိုလျှင် ကျနော်တို့ဘက်က နိုင်ပါပြီ။ ဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ‘ဝန်ကြီးဟူ၍’ သုံးထားရုံလောက်နဲ့ တိုင်းရင်းသားရေးရာနဲ့ပတ်သက်ရင် ‘ဝန်ကြီး မမည်’လို့ သုံးနှုန်းခွင့်ဟာ ရှေ့နေချုပ်ရုံးမှာမရှိပါဘူး။ အဲဒါကို ကျနော်တို့စောဒကတက်တာပါ။”

ဒ့ါအပြင် လက်တွေ့မှာ တိုင်းရင်းသားရေးရာဝန်ကြီးတွေအနေနဲ့ လုပ်ပိုင်ခွင့်မရှိပုံကိုလည်း ဒေါက်အေးမောင်ကပြောပါတယ်။

“တိုင်းရင်းသားရေးရာနဲ့ပတ်သက်လို့ ပုဒ်မကြီးတခုတွေမှာ ပုဒ်မ ၂၆၂ မှာ ‘က’ ကနေ ‘ပ’ အထိ သူ့ရဲ့အဆင့်ဆင့်ကို ပြဋ္ဌာန်းသတ်မှတ်ထားပါလျှက်နဲ့ တိုင်းရင်းသားရေးရာဝန်ကြီးက ရုံးရှိ အခုနလို အဆောင်အယောင်မယ့်အဆင့်ခွဲခြားပြီးကာမှ အဲဒါမျိုးခံစားနေကြရတာတွေကို ပြည်ထောင်စုဆိုတဲ့ နိုင်ငံတော်ထဲမှာ တိုင်းရင်းသားရေးရာတွေကို ဒီလိုဘဲပြစ်ပယ်ထားတော့မှာလား၊ ရှေ့နေချုပ်ရုံးကိုယ်တိုင်ကိုက ဒီလိုအသုံးအနှုန်းမျိုး သုံးတဲ့ဥစ္စာကို ကျနော်တို့က အံ့သြပါတယ်လို့ ကျနော်တင်ပြချင်တာပါ့။”

လက်ရှိအခြေခံဥပဒေခုံရုံးက ကြားနာမှုနဲ့ပတ်သက်လို့ အများသိအောင် ပြောဆိုသွားမယ်လို့လည်း ဒေါက်တာအေးမောင်က ပြောပါတယ်။

---

# မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားအတွက် ထိပ်တန်းဖြစ်ဖွယ်ရှိ

**RFA၊ ဒီဇင်ဘာ ၅ ။** ။ လာမယ့် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံဟာ ကမ္ဘာလှည့် ခရီးသွားတွေအတွက် ထိပ်တန်း အာရှခရီးစဉ်တနေရာဖြစ်လာလိမ့်မယ်လို့ အမေရိကန်ပြည်ထောင်စု ကော်လိုရာဒို ပြည်နယ် အခြေစိုက် အာရှပစိတ်ဖိတ် ခရီးသွားလုပ်ငန်း Asia Transpacific Journeys က မနေ့က ခန့်မှန်း ပြောကြားလိုက်ပါတယ်။

နိဘဲလ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က ပြန်လွတ်မြောက်လာတဲ့ မနှစ်ကစပြီး မြန်မာနိုင်ငံဟာ ကမ္ဘာလှည့် ခရီးသည်တချို့ အဝင်အထွက်ပိုများလာတဲ့ နိုင်ငံဖြစ်ကြောင်း၊ အခုအခါမှာ မြန်မာနိုင်ငံတဝှမ်း ဇိမ်ခံဟိုတယ်တွေ အများအပြား ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် အရင်က အထီးကျန်ဖြစ်ခဲ့ပြီး လူသူအရောက်အပေါက် နည်းသေးတဲ့နေရာတွေကို သွားရောက်လိုသူတွေအတွက် တန်ဖိုးထားသွားလာရမယ့်နေရာတခု ဖြစ်လာနေကြောင်းလည်း ကုမ္ပဏီရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အာရှပစိတ်ဖိတ်ကုမ္ပဏီရဲ့ ၂၀၁၂ ခုနှစ် အာရှခရီးသွား အများဆုံးတိုးလာနိုင်တဲ့ ခန့်မှန်းနိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံက ထိပ်တန်းမှာရှိပြီး ဘူတန်နိုင်ငံက ဒုတိယ၊ အင်ဒိုနီးရှားနိုင်ငံက တတိယ ဖြစ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။

ဒီကုမ္ပဏီဟာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ဟားဗတ်၊ ရေးစတဲ့ထိပ်တန်းတက္ကသိုလ်ကြီးတွေက ကျောင်းသားတွေနဲ့ကျောင်းသားဟောင်း အသင်းတွေကို အုပ်စုလိုက် ခရီးသွားဝန်ဆောင် မှုပေးတဲ့ ကုမ္ပဏီဖြစ်တယ်လို့ သိရပါတယ်။

# သူ့စည်း ကိုယ့်စည်း

ခင်မမမျိုး

ကျွန်မအိမ်အနီးက မီးပွိုင့်ကလေးမှာ တနေ့တုန်းက ယာဉ်တိုက်မှုတခုဖြစ်ပါတယ်၊ အလုပ်ကအပြန်မှာကားလမ်းပိတ်ထားတာကြောင့် ဘာများဖြစ်လဲလို့ အနီးအနားက လူတွေကို မေးမြန်းကြည့် တော့မှ ယာဉ် တိုက်မှုဆိုတာသိရတာပါ။ ဆိုင်ကယ်နဲ့ လူက ပွဲချင်းပြီး သေဆုံးသွားပြီး၊ ကားမောင်းသူကတော့ ဆေးရုံကို အရေးပေါ်ကားနဲ့ခေါ်သွားခဲ့ရပါတယ်။ မီးပွိုင့်မှာ ဆိုင်ကယ်က မရပ်တာလား၊ကားကမရပ်တာလား၊ တဘက်ရဲ့အမှားလား၊ နှစ်ဘက်စလုံးရဲ့ အမှားလားဆိုတာကို တာဝန်ရှိသူတွေက ပြန်လည်စုံစမ်းနေကြဆဲပါပဲ။ သို့ပေမယ့်သေချာတာကတော့ လူတယောက်ရဲ့အသက်ဆုံးရှုံးသွားခဲ့ပါပြီ။ လူတယောက် ဆေးရုံရောက်သွားခဲ့ပါပြီ။

ဒီအဖြစ်လေးက ကျွန်မရဲ့ လူငယ်ဘဝကို ပြန်ပြီး အမှတ်တရဖြစ်စေပါတယ်။ ကျွန်မ ဆယ်ကျော်သက် လူငယ်ဘဝတုန်းကလဲအတော်ကားမောင်းကြမ်းတာကလား။ တောင်ကြီး- ဟဲဟိုးကား လမ်းမှာရှေ့က ကျော်တက်သွားတဲ့ ကားကို နောက်ကနေ အတင်းလိုက် ပြန်ကျော်တက်တာ ကံကောင်းလို့ ကားရော၊ လူပါ ချောက်ထဲ မကျခဲ့တာပါ။ တခါ ဟန်မြင့်မိုရ်- ရွာငံလမ်းမှာလဲ ဘေးမှာပါလာတဲ့ ကားဒရိုင်ဘာဦးလေးကြီးက Handbrake ဆွဲတာ မြန်ပေလို့။ အဲဒါလဲ ဖြစ်ပြီးရော၊အဲဒီကားဆရာကြီးလဲ အလုပ်က ထွက်သွားပါလေရော။ သူ့ကို မမောင်းခိုင်းပဲ ကျွန်မက ယူမောင်းနေတော့ တခုခုဖြစ်ရင် သူ့တာဝန် မကင်းဖြစ်မှာ ကြောက်တယ်ထင်ပါရဲ့။

အဲလို ဟိုင်းဝေးမဟုတ်တဲ့ မြို့တွင်းလမ်းတွေမှာလဲ ဟိုထိ၊ ဒီထိ၊ ဟိုချိတ်မိ၊ ဒီချိတ်မိတွေ ရှိသေးရဲ့။ ရှိဆို၊ တခုခုဖြစ်ရင်လဲ မေမေ့မိတ်ဆွေ ဆရာဝန်တွေဆီ အလွယ်တကူ ခေါ်သွားလို့ ရတာက တကြောင်း၊ ကားဝပ်ရှော့တွေဆီ အချိန်မရွေး ကားသွားထိုးလိုက်လို့ရတာကတကြောင်း၊ ပြန်ပြင်လိုက်တို့လိုက်လုပ်ပြီးရင် အမြန်ရောင်းထွက်အောင်လုပ်ပေးနိုင်မယ့် ကားပွဲစားတွေကလဲ များတာက တကြောင်း၊ ဖွားဖွားနဲ့မေမေတို့က နာရီမဆိုင်းပဲ အလျော်အစား လိုက်လုပ်ပေးတာကတကြောင်းကြောင့် ကျွန်မမှာလဲ လူငယ်စိတ်နဲ့ ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့မှ လှည့်မကြည့်ပဲ ရမ်းနေတော့တာပါပဲ။ နောက်ဆုံးမတော့ အသက်ရှစ်ဆယ်ကျော် ဖွားအေကြီးကိုကားနောက်ခန်းမှာတင်ပြီး၊ အရှိန်နည်းနည်း လွန်သွားတဲ့အဆုံး မေမေက ရန်ကုန်ခဏပို့ထားလိုက်မှ အရှိန်ပြန်သေသွားပါတယ်။ ရန်ကုန်မှာကျတော့ ကိုယ့်နယ်မြို့လေးလို အလွယ်တကူ resource mobilization လုပ်လို့ မရတာကြောင့်ပါ။

ဒီလိုနဲ့ နိုင်ငံရပ်ခြားရောက်လာချိန်မှာတော့ ကားလုံးဝ မမောင်းဖြစ်တော့ပါဘူး။ ဖွားဖွားက ကတိနှစ်ခုတောင်းခဲ့ပါတယ်။ ပထမကတိက နိုင်ငံရေးနဲ့လုံးဝ မပတ်သက်ပါဘူးဆိုတဲ့ ကတိ၊ ဒုတိယကတိကကားလုံးဝ မမောင်းပါဘူးဆိုတဲ့ ကတိပါ။ ပထမကတိကိုတော့ ဘာမှ ပြန်မပြောပဲ၊ ဒုတိယကတိကိုတော့ အသက်အန္တရာယ်ဘေးနဲ့ ကြုံတဲ့အချိန်မဟုတ်ဘူးဆိုရင် တည်နိုင်အောင် ကြိုးစားပါမယ်လို့ ပြောခဲ့ဖူးပါတယ်။ ဒါကြောင့် ယူကေ ရောက်လာချိန်မှာ ကားလုံးဝ မမောင်းဖြစ်ခဲ့ပါ။

သို့ပေမယ့် မိတ်ဆွေသူငယ်ချင်းတွေနဲ့တော့ ခရီးရှည်တွေ ထွက်ခဲ့ဖူးပါတယ်။ အဲဒီမှာ တခုသတိထားမိသွားတာက မော်တော်ဝေး (Motorway) ပေါ်မှာ ကားတွေဟာ အမြန်နှုန်းနဲ့မောင်းတဲ့ ကားတွေကလဲ သူ့လမ်းနဲ့သူ၊ သာမန်နှုန်းနဲ့ မောင်းတဲ့ကားတွေကလဲသူ့လမ်းနဲ့သူ၊ အမြန်နှုန်းကနေ သာမန်နှုန်းပေါ် ပြောင်းတဲ့ ကားတွေကလဲ သူ့စည်းကမ်းနဲ့သူ၊ သာမန်နှုန်းကနေ အမြန်နှုန်းကို ပြောင်းတဲ့ကားတွေကလဲ သူ့စည်းနဲ့သူ ဖြစ်နေတယ်ဆိုတာပါပဲ။ အရှိန်မြန်ချင်တဲ့ကားက အရှိန်နှေးတဲ့ကားကို နှေးရပါမလားလို့ ဟွန်းတီးပြီး အတင်းကျော်တက်နေစရာလဲမလို၊ အရှိန်နှေးတဲ့ကားကလဲ နောက်ကနေဟွန်းတီးနေလိုက်ကြတာ၊ ဘာလို့များ ဒီလောက် မြန်ချင်နေကြပါလိမ့်လို့စိတ်အနှောင့်အယှက်ဖြစ်စရာလဲ မလိုပဲ သူ့စည်းကမ်းနဲ့သူ လမ်းအပြောင်းအရွှေ့လေးတွေ လုပ်သွားကြရုံပါပဲ။

ဒီလိုပါပဲ။ မြို့တွင်းလမ်းတွေမှာလဲ လမ်းလျှောက်သူတွေက သူ့ဘာသာသူ ပလက်ဖောင်းပေါ်မှာ၊ စက်ဘီးစီးသူကလဲ သူ့ဘာသာသူ စက်ဘီးလမ်းပေါ်မှာ၊ လူသွားလမ်းပေါ်တက်လာရင်လဲ အရှိန်လျှော့ပြီးသတိထားလို့၊ ကားတွေကလဲ သူ့စည်းကမ်းနဲ့သူ ဥဒဟိုဖြတ်သန်းသွားလာကြပါတယ်။ ကားတွေက မီးပွိုင့်ကျော်မောင်းလိုက်တာတို့၊ လူတွေက တောင်ပြေးမြောက်ပြေးလုပ်တာတို့အတော်ရှားပါတယ်။ လူငယ်တွေသဘာဝ သောက်စားပြီး ယာဉ်အန္တရာယ်ဖြစ်တတ်တာတွေကိုတော့ ဥပဒေနဲ့ထိန်းချုပ်ထားပါတယ်။ မူးယစ်သေစာ သောက်စားထားမှု သတ်မှတ်ချက်တခုထက် ကျော်တဲ့အခါ ကားမောင်းခွင့်မရှိပါဘူး။ အရက်မူးပြီး ကားမောင်းရင် လူငယ်ပဲဖြစ်ဖြစ်၊ ကုမ္ပဏီဒါရိုက်တာပဲဖြစ်ဖြစ် သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ကိုခံယူရပါတယ်။ ဥပဒေစည်းကမ်းတွေနဲ့ တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားတာကြောင့် စည်းမဲ့ကမ်းမဲ့ စိတ်တိုင်းကျ ကားမောင်းခွင့် မရှိတော့ပါဘူး။

နောက်တခုက လျော်ကြေးကိစ္စတွေ၊ ညှိယူတာတွေကလဲ လုပ်ချင်တိုင်းလုပ်လို့ မရပါဘူး။ ဥပဒေနဲ့အညီ ညှိနှိုင်းတာတွေကိုပဲ လုပ်လို့ရတာကြောင့် လျော်ကြေးလိုချင်လို့ ကားတိုက်ခံ ဝင်ရိုက်တယ်ဆိုတာတွေ၊ ကားတိုက်ပြီးရင်လဲ လျော်ကြေးပေးလိုက်လို့ ရတာပဲဆိုတာတွေ မရှိတော့ပါဘူး။ တရားဥပဒေစိုးမိုးမှုရဲ့ အောက်မှာ အတွေးအခေါ်ဆိုးတွေ၊ စိတ်ရိုင်းတွေ ပျောက်ကွယ်သွားပါတယ်။

ကားပေါ်က လူတွေကလဲ လမ်းပေါ်က လူတွေကိုလေးစား သလို၊ လမ်းပေါ်က လူတွေကလဲ ကားပေါ်က လူတွေကို အပြန်အလှန်လေးစားမှုရှိပြီး၊ သူ့စည်းကိုယ့်စည်းနဲ့ နေကြတာကြောင့်ကားပေါ်က လူတွေက လမ်းပေါ်က လူတွေကို မထေမဲ့မြင်လုပ်တယ်၊ လမ်းပေါ်က လူတွေက ကားပေါ်က လူတွေကို ကားစီးနိုင်တယ်ဆိုပြီး ဘာဖြစ်တယ်၊ ညာဖြစ်တယ် ဆိုတာမျိုးတွေလဲ ယေဘုယျအားဖြင့် မရှိကြတော့ပါဘူး။ စည်းတွေကို ချိုးဖောက်လာသူ အချို့တော့ရှိကြပါ တယ်။ ဒီအခါမှာလဲ

စာမျက်နှာ ၁၈ သို့

# မြန်မာနိုင်ငံမှာ ပြောင်းလဲမှုလုပ်စရာတွေအများကြီးကျန်ဟု ကလင်တန်ပြောဆို

**VOA၊ဒီဇင်ဘာ၅။** ။မြန်မာနိုင်ငံမှာနိုင်ငံရေးလွတ်လပ်ခွင့်တွေအတွက် အစပျိုးတဲ့ခြေလှမ်းတွေ တွေ့နေရပေမဲ့ တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေရှိလာဖို့ လုပ်စရာတွေ အများကြီးကျန်နေသေးတယ်လို့ မကြာခင်ကမှ မြန်မာနိုင်ငံကို ၃ ရက်ခရီးသွားခဲ့တဲ့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောပါတယ်။

အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်း ဆက်အကဲဖြတ်နေမှာဖြစ်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အကူအညီတွေလည်း ဆက်ပေးသွားမယ်လို့ ဆိုပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ဟာ နိုဝင်ဘာလ ၃၀ ရက်နေ့က မြန်မာနိုင်ငံကိုရောက်ရှိခဲ့ပြီး သမ္မတဦးသိန်းစိန်အပါအဝင် မြန်မာအစိုးရသစ်အဖွဲ့နဲ့တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် ရွေးကောက်ပွဲအပြီး စစ်အစိုးရကနေ အရပ်သားအစိုးရအဖြစ် ပြောင်းလဲအုပ်ချုပ်ခဲ့ပြီးတဲ့နောက် အပြောင်းအလဲတွေ တွေ့လာခဲ့ရတာမိုလို့ စီးပွားရေးပိတ်ဆို့အရေးယူ ဒဏ်ခတ်ထားတဲ့ အမေရိကန်အစိုးရက ထိတွေ့ဆက်ဆံရေး လုပ်ဆောင်မှုမှာ နိုင်ငံခြားရေးဝန်ကြီးကို စေလွှတ်ပြီး ဒီအပြောင်းအလဲတွေကို စမ်းစစ်လေ့လာစေခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးကလင်တန်က မြန်မာအစိုးရသစ်အဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲမှုအတွက် ချီးကျူးခဲ့ပေမဲ့ ဒီမိုကရေစီရေး လုပ်ဆောင်စရာတွေ အများကြီး ကျန်နေသေးတယ်လို့မြင်ကြောင့် ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရကဗွီအိုအေကိုပြောပါတယ်။

"မြန်မာအစိုးရအရာရှိတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကနေ မြန်မာနိုင်ငံမှာ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် အစပျိုးတဲ့ခြေလှမ်းတွေ တွေ့ နေရတာကို နိုင်ငံခြားရေးဝန်ကြီးကလင်တန်က အသိအမှတ်ပြုခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးပြောင်းလဲမှုတွေ ရှိလာဖို့ လုပ်စရာတွေကတော့ အများကြီးကျန်နေသေးတာကို အထူးအလေးအနက်ထားပြောပါတယ်။"

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ အဓိကကျတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်မှာ အဖွဲ့အစည်းအသီးသီးက ပါဝင်စေဖို့လိုတယ်လို့ ဆိုပါတယ်။

"မြန်မာနိုင်ငံမှာ တိုးတက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်နဲ့ နက်နက်ရှိုင်းရှိုင်းလုပ်လာဖို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန်က အားပေးခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတကာက စိတ်ပူနေတဲ့ကိစ္စတွေ ဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ကြားဖြတ်ရွေးကောက်ပွဲကို အချိန်ဆွဲမနေဘဲ ကျင်းပပေးဖို့အပါအဝင် နိုင်ငံရေးလုပ်ငန်းစဉ်တွေ ဆက်လုပ်ရာမှာ အဖွဲ့အားလုံးပါဝင်ဖို့၊ တိုင်းရင်းသားဒေသတွေမှာ ကာလရှည်ကြာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ ရပ်ဆိုင်းဖို့ပါ။ ဒါ့အပြင် မြောက်ကိုရီးယားနဲ့မြန်မာ စစ်ရေးဆက်သွယ်မှုတွေမှာ ထင်သာ မြင်သာရှိစေဖို့ပါ တောင်းဆိုခဲ့ပါတယ်။"

ဝန်ကြီးကလင်တန် မြန်မာနိုင်ငံကိုမသွားခင် အမေရိကန်အထက် လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက ထိပ်တန်းအမတ်တစ်ဦးဖြစ်တဲ့ အင်ဒီယားနားပြည်နယ် အထက်လွှတ်တော်အမတ် ရစ်ချက်လူဂါ က မြန်မာအစိုးရရဲ့ မြောက်ကိုရီးယားအကူအညီနဲ့ နျူကလီးယားလက်နက် လုပ်ဆောင်နေမှုတွေကို သေသေချာချာ ရှင်းလင်းဖို့တောင်းဆိုခဲ့တာပါ။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ လူမှုလူ့အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေကို တွေ့ဆုံခဲ့ပြီးတဲ့နောက် လက်ရှိအမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒအတိုင်းဆက်လက်ကျင့်သုံးသွားဖို့ စဉ်းစားခဲ့တဲ့အပြင် မြန်မာနိုင်ငံ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် အကူအညီတွေ ဆက်ပြီးပေးသွားမယ်လို့လည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူက ပြောပါတယ်။

"မြန်မာနိုင်ငံကအခြေအနေတွေကို အခု အမေရိကန်က လုပ်ဆောင်နေသလိုပဲ ပွင့်ပွင့်လင်းလင်း ဆက်လက် အကဲခတ်နေမှာဖြစ်ပြီး မြန်မာလူထုကောင်းကျိုးအတွက် အမေရိကန်နိုင်ငံက ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမှတ်ထားတာကို ပြတဲ့အနေနဲ့ မြန်မာအစိုးရဘက်က ပြုပြင်ပြောင်းလဲမှုတွေ အခုအတိုင်းဆက်ပြီး လုပ်ဆောင်မယ်ဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီပြောင်းလဲရေးအတွက် အကူအညီတွေ ဆက်ပြီးပေးဖို့ နိုင်ငံခြားရေးဝန်ကြီးကလင်တန်က စဉ်းစားထားပါတယ်။"

နိုင်ငံခြားရေးဝန်ကြီးကလင်တန်ရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ နှစ်ပေါင်း ၅၀ အတွင်း အမေရိကန်ဘက်က နိုင်ငံခြားရေးဝန်ကြီးအဆင့်အဖြစ်နဲ့ ပထမဆုံးအကြိမ်သွားရောက်တာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံရဲ့ တိုက်ရိုက်တွေ့ဆုံထိစပ်တဲ့ မူဝါဒတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေး အပြောင်းအလဲတွေ ဖြစ်လာအောင် လုပ်နေတာပဲဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဝန်ကြီးကလင်တန်နဲ့တွေ့ဆုံအပြီးမှာ ပြောကြားခဲ့ပါတယ်။

**စာမျက်နှာ ၁၇ မှ**

ကိုယ့်အသက်တွေ၊ ခြေလက်အင်္ဂါတွေ ပေးဆပ်လိုက်ရတာတွေ၊ ဥပဒေရဲ့ တင်းတင်းကြပ်ကြပ် အဆုံးအမကို ခံယူလိုက်ကြရတာတွေရှိလာပါတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် မီးပွိုင့်မှာမီးနီတဲ့အခါ ယာဉ်ရပ်နားရမယ်ဆိုတဲ့အသိ၊ လမ်းဖြတ်ကူးတဲ့အခါ ဘယ်ညာကြည့်ရ မယ်ဆိုတဲ့အသိ၊ အမြန်နှုန်းနဲ့ ကိုယ်က မောင်းချင်ရင် အမြန်လမ်းကြောင်းပေါ်ကိုရွှေ့က အနေးနှုန်းတဲ့ မောင်းနေတဲ့ကားကို အနှောင့်အယှက်မဖြစ်စေပဲ အသာတကြည်ကူးပြောင်းသွားရမယ်ဆိုတဲ့အသိ၊ အနေးနှုန်းနဲ့ မောင်းနေတဲ့ကားကလဲ အမြန်နှုန်း လမ်းပေါ်က ပိတ်ပြီးမမောင်း ရဘူးဆိုတဲ့အသိ၊ တရားဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိစေရပဲ ဥပဒေကိုလိုက်နာရမယ်ဆိုတဲ့အသိ၊ ကားမောင်းသူတွေ၊ အနေးယာဉ် မောင်းသူတွေ၊ လမ်းလျှောက်သူတွေကလဲ သူ့စည်းကိုယ့်စည်းထားပြီး အပြန်အလှန်လေးစားရမယ် ဆိုတဲ့အသိတွေ ကျယ်ပြန့်လာဖို့လိုအပ်တယ်လို့တော့ ယူဆမိပါတယ်။ သူ့စည်း၊ ကိုယ့်စည်းရှိပြီး၊ သူ့တာ ကိုယ်တာ လုံကြတဲ့အခါ မဖြစ်သင့်ပဲဖြစ်ရတဲ့ အသက်ဆုံးရှုံးမှုတွေ၊ ဘဝဆုံးရှုံးမှုတွေတော့ လျော့နည်းလာတန်ကောင်းပါရဲ့။

# ရှမ်းပြည်မြောက် မုန်းကိုး အစိုးရစစ်ဗျူဟာကုန်းကို ကေအိုင်အေ ဝင်တိုက်

**RFA၊ ဒီဇင်ဘာ ၇ ။** ။ ရှမ်းပြည်မြောက်ပိုင်း မုန်းကိုး အခြေစိုက် အစိုးရ စစ်ဗျူဟာကုန်းကို ကေအိုင်အေ တပ်ရင်း ၃၆ နဲ့ ၃၈ တပ်တွေက ဒီဇင်ဘာ ၆ ရက်နေ့ မနက် ၁ နာရီလောက်က ဝင်ရောက် စီးနင်း တိုက်ခိုက်ခဲ့တယ်လို့ နယ်စပ်သတင်းတွေအရ သိရပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်လို့ ကေအိုင်အို ပြောရေးဆိုခွင့် ရှိသူ ဦးလနန်ကို မေးမြန်းကြည့်တဲ့အခါ-

“မုန်းကိုးဘက်မှာရှိတဲ့ ဗျူဟာကုန်းလို့ပဲ ကျွန်တော် အကြမ်းဖျင်း သိရတယ်ခင်ဗျ။ မနက်အစောကြီး တစ်နာရီညသန်းခေါင်ပေါ့။ အဲဒီမှာ မိုးနည်းနည်းရွာတဲ့အချိန်မှာ ကျွန်တော်တို့ဘက်က သွား တိုက်ခိုက်တော့ သူတို့ ဗျူဟာမှူးနဲ့တပ်ရင်းမှူးကတော့ တရုတ်ပြည်ကမ်းမှာသွားအိပ်တယ်။ အဲဒါကြောင့်မို့ သူတို့နှစ်ယောက်က မရှိဘူး။ သူတို့နှစ်ယောက် လွတ်သွားတာပေါ့ဗျာ။ ကျန်တဲ့ အိမ်အဆောက်အအုံတွေအားလုံးက ထိခိုက်သွားတယ်ခင်ဗျ။”

အဲဒီတိုက်ပွဲမှာ နှစ်ဘက်ထိခိုက်သေဆုံးမှု အတိအကျမသိရသေးပေမယ့် အစိုးရတပ်က ရဲနဲ့စစ်သားစုစုပေါင်း ၁၀ ယောက်ကျော် ကျဆုံးပြီး ကေအိုင်အေဘက်က အရာရှိတစ်ယောက် ကျဆုံးသွားတယ်လို့ နယ်စပ်သတင်းတွေအရသိရပါတယ်။ ကေအိုင်အိုက အဲဒီဗျူဟာကုန်းကိုဝင်ရောက်တိုက်ခိုက်ရတာဟာ ကေအိုင်အိုတပ်တွေနဲ့ရဲဘော်တွေကို ဗျူဟာမှူးဗိုလ်မှူးကြီးမြင့်သန်းက ခြိမ်းခြောက်နေတာကြောင့်လို့ ဦးလနန်ကပြောပါတယ်။

“အဲဒီဗျူဟာကနေပြီး ကျွန်တော်တို့တပ်ရင်း ၃၆ နဲ့ ၃၈ ကို ထိုးစစ်လုပ်တာ။ နောက်ပြီးတော့ အဲဒီ ဗျူဟာမှူးကလည်း ကျွန်တော်တို့ရဲ့ ကေအိုင်အိုတပ်ဖွဲ့ဝင်တွေကို အမြဲတမ်း ကြိမ်းဝါးနေတာပေါ့။ မင်းတို့ဘာတွေလဲ ဆိုတဲ့ဟာတွေပေါ့။ ကြိမ်းဝါးနေတဲ့ဟာတွေရှိတော့ အဲဒီမှာရှိတဲ့ ကျနော်တို့တပ်တွေကလည်း အခွင့်ကောင်း ရှာပြီးတော့ တိုက်ခိုက်တဲ့သဘောပါပဲ။ အဲဒီမှာ ဗျူဟာမှူးရဲ့အိမ်က လုံးဝမီးလောင်ပျက်စီးသွားတယ်။”

ကေအိုင်အိုနဲ့အစိုးရတပ်တွေ တိုက်ခိုက်နေကြတာ အခုဆိုရင် ၆ လနီးပါးရှိပါပြီ။ အပစ်အခတ်ရပ်ပြီး ငြိမ်းချမ်းရေး ဆွေးနွေးကြတာတွေရှိခဲ့ပေမယ့် အခုအချိန်အထိ အစိုးရတပ်တွေက နေရာအတော်များများမှာ ထိုးစစ်ဆင်နေတာကြောင့် တိုက်ပွဲတွေကတော့ ပြင်းထန်နေဆဲဖြစ်ပါတယ်။

ဝါးရှောင်မြို့နယ် ဆဒုံး ဆမားဒေသရှိ ကေအိုင်အိုတပ်ရင်း ၃ ဌာနချုပ်ကိုသိမ်းပိုက်နိုင်တဲ့အထိထိုးစစ်ဆင်တိုက်ခိုက်ဖို့အစိုးရတပ်က ညွှန်ကြားထားပေမယ့် အခုအချိန်အထိ မသိမ်းပိုက်နိုင်သေးတဲ့ အကြောင်း ဦးလနန်က ပြောပြပါတယ်။

“နေရာအနှံ့ပါပဲ။ အခုတပ်ရင်း ၃ ဘက်မှာလည်း အခုထိုးစစ်လုပ်နေကြတယ်။ သူတို့ ရည်မှန်းချက်ကတော့ ၆ ရက်နေ့ညနေ ၄ နာရီမှာ မရမနေ ထိုးစစ်လုပ်ပါဆိုပြီးတော့၊ ဒါပေမယ့် သူတို့ရဲ့ရည်မှန်းချက်က မရသေးဘူးခင်ဗျ။ ဒါကြောင့် မရရအောင် ထိုးစစ်လုပ်ရမယ်။ အဲဒီတပ်ရင်း ၃ စခန်းကိုသိမ်းရမယ်။ တကယ်လို့ မသိမ်းနိုင်ဘူးဆိုရင် ခင်ဗျားတို့ ရှေ့တန်းမှာနေတဲ့ တပ်ဖွဲ့တွေကို အရေးယူမယ်ဆိုပြီး နောက်တန်းကနေ ညွှန်ကြားထားတာမျိုးရှိတယ်။ ဒါကြောင့်မို့ အခုအချိန်လည်း ဖြစ်နေတုန်းပဲခင်ဗျ။ တပ်မဟာ ၃ တပ်ရင်း ၁၅ ခွင်ထဲမှာလည်း တော်တော်ပြင်းပြင်းထန်ထန်ဖြစ်တယ်ခင်ဗျ။”

ကေအိုင်အိုနဲ့ အစိုးရကိုယ်စားလှယ်တွေ နိုဝင်ဘာ ၂၉ ရက်က တရုတ်နိုင်ငံ ရွှေလီမြို့မှာ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ သာမန် အပစ်အခတ် ရပ်စဲရေးလုပ်တာထက် နိုင်ငံရေးအရ ဆက်လက်ဆွေးနွေးဖို့ ကေအိုင်အိုဘက်ကပြောဆိုခဲ့တယ်လို့သိရပါတယ်။

---

## ဦးတေဇသားကြီး ဥရောပသမဂ္ဂတရားရုံးမှ အနိုင်ပေးလိုက်

**RFA၊ ဒီဇင်ဘာ ၅ ။** ။ ဥရောပသမဂ္ဂရဲ့ ပိတ်ဆို့အရေးယူထားတာကို ဖယ်ရှားပေးဖို့ စီးပွားရေးလုပ်ငန်းရှင်ဦးတေဇရဲ့သားအကြီး ကိုပြည့်ဖြိုးတေဇရဲ့အယူခံလွှာကို ဥရောပသမဂ္ဂတရားရုံးက နိုဝင်ဘာလ ၂၉ ရက်ကအနိုင်ပေးလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးတွေ ချိုးဖေါက်နေတဲ့ စစ်အစိုးရနဲ့ ရောထွေးယှက်တင် ပါဝင်ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ ဦးတေဇနဲ့မိသားစုကို ဥရောပသမဂ္ဂ အီးယူက စီးပွားရေးပိတ်ဆို့အရေးယူထားပါတယ်။

ဒါကြောင့် ဦးတေဇနဲ့မိသားစုဟာ အီးယူနိုင်ငံတွေမှာ ခရီးသွားခွင့် ပညာသင်ယူခွင့် ပိတ်ပင်ခံထားရပါတယ်။ ဒါပေမယ့် ဦးတေဇရဲ့ သားကြီး ကိုပြည့်ဖြိုးတေဇက သူ့ကို ပိတ်ဆို့အရေးယူထားတာနဲ့ ပတ်သက်လို့ အီးယူတရားရုံးမှာ အယူခံတင်ခဲ့ပါတယ်။

အခုလို ကိုပြည့်ဖြိုးတေဇကို အနိုင်ပေးလိုက်တဲ့အပေါ် အလွန်ပဲ စိတ်ပျက်မိတယ်လို့ ဗြိတိန်အခြေစိုက် UK Campaign for Burma ရဲ့ ညွှန်ကြားရေးမှူး Mark Farmaner က ပြောပါတယ်။

အမှုမှာ အနိုင်ရပေမယ့် ဦးတေဇတို့မိသားစုဟာ အစိုးရအာဏာပိုင်တွေနဲ့ပေါင်းပြီး ကိုယ်ကျိုးရှာနေတဲ့ စီးပွားရေး အသိုင်းအဝိုင်းထဲကဖြစ်တာကြောင့် မြန်မာ့အရေးလှုပ်ရှားသူတွေရဲ့ ဝိုင်းဝန်းကန့်ကွက်မှုကိုတော့ ရင်ဆိုင်ရမှာဖြစ်တယ်လို့ Mr. Farmaner ကဆိုပါတယ်။

“တကယ်လို့ ကိုပြည့်ဖြိုးတေဇ ဥရောပနိုင်ငံတွေကို ရောက်လာတဲ့သတင်းကြားတာနဲ့ သူသွားမယ့်နေရာတွေကိုလိုက်ပြီး ဆန္ဒပြ ကန့်ကွက်ကြမယ့် ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွတဲ့ မြန်မာတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်အသေအချာပြောနိုင်ပါတယ်။

ကိုပြည့်ဖြိုးတေဇအမှုကို တရားရုံးက အနိုင်ပေးလိုက်ပေမယ့် ကိုယ်ကျိုးရှာ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးရဲ့သားအနေနဲ့ ဥရောပမှာ လွတ်လွတ်လပ်လပ် သွားလာနိုင်လိမ့်မယ်လို့ မယူဆသင့်ဘူး” လို့ Mark Farmaner က ပြောဆိုပါတယ်။

ပြီးခဲ့တဲ့နှစ် မေလက ကိုပြည့်ဖြိုးတေဇ လျှောက်ထားတဲ့အမှုကို ဥရောပသမဂ္ဂတရားရုံးက ပယ်ချခဲ့ပြီး တရားရုံး ကုန်ကျစရိတ်အားလုံး ဥရောပသမဂ္ဂကောင်စီကို ပေးဆောင်ဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။

အဲဒီစီရင်ချက်ကို ကိုပြည့်ဖြိုးတေဇက အယူခံတင်ခဲ့ပြီး မိမိဟာ အရင် စစ်အစိုးရအဖွဲ့ဝင်မဟုတ်သလို စစ်အစိုးရနဲ့လည်း ဆက်စပ်မှု မရှိကြောင်း ချေပခဲ့ပါတယ်။ ဒ့ါအပြင် သူ့အနေနဲ့ အစိုးရ စီမံအုပ်ချုပ်ရေး ယန္တရားကနေ အကျိုးကျေးဇူး တစ်စုံတစ်ရာမခံစားခဲ့ရကြောင်း ခုခံချေပလျှောက်ထားခဲ့တယ်လို့ သိရပါတယ်။

## ဗဟိုအောင်နိုင်ရေးအဖွဲ့ အဲန်အယ်လ်ဒီ ဖွဲ့စည်း

**RFA၊ ဒီဇင်ဘာ ၅ ။** ။ လာမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ၂၁ ဦးပါဝင်တဲ့ ဗဟိုအောင်နိုင်ရေးအဖွဲ့ကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဖွဲ့စည်းလိုက်တယ်လို့သိရပါတယ်။

အဲဒီကော်မတီမှာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးက တာဝန်ခံအဖြစ်ဆောင်ရွက်ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွှန့်ဝေ၊ ဦးဉာဏ်ဝင်း၊ ဦးအုံးကြိုင်၊ ဦးဟံသာမြင့်၊ ဦးထွန်းထွန်းဟိန်၊ ဒေါက်တာမေဝင်းမြင့်၊ ဦးဝင်းထိန်၊ ဦးသိန်းဦး၊ ဒေါ်ခင်ဌေးကြွယ်၊ မဖြူဖြူသင်းတို့ အပါအဝင် အဖွဲ့ဝင် ၂၁ ဦးနဲ့ ဖွဲ့စည်းလိုက်ပါတယ်။

ဗဟိုအောင်နိုင်ရေးအဖွဲ့အနေနဲ့ လိုအပ်တဲ့ တခြားကော်မတီတွေလည်း ဖွဲ့စည်းသွားမှာဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးအုံးကြိုင်ကပြောပါတယ်။

ဒ့ါအပြင် တိုင်းနဲ့ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်တွေမှာ အောင်နိုင်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းဖို့ တာဝန်ခံ ဦးတင်ဦး လက်မှတ်ရေးထိုးထားတဲ့ ညွှန်ကြားလွှာ တစ်စောင်ကိုလည်း ထုတ်ပြန်လိုက်ပါတယ်။

အောင်နိုင်ရေးအဖွဲ့တွေကို အဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ အများလေးစားတဲ့ပုဂ္ဂိုလ်တွေ၊ တတ်သိပညာရှင်တွေ၊ နိုင်ငံရေးအစဉ်အလာရှိသူတွေ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ လူငယ်တွေနဲ့ ဖွဲ့စည်းမယ်လို့ သိရပါတယ်။ ခရိုင်စည်းရုံးရေးကော်မတီတွေ ဖွဲ့စည်းထားတာမရှိတဲ့အတွက် ခရိုင်အောင်နိုင်ရေးအဖွဲ့ ဖွဲ့ဖို့ မြို့နယ်တွေနဲ့ ညှိနှိုင်းဖို့ စီစဉ်ရတယ်လို့ သိရပါတယ်။

အခုအခါ အဖွဲ့ချုပ်ရဲ့ အလံ၊ တံဆိပ် စတာတွေလည်း ရွေးချယ်ပြီးသွားပြီလို့ ဦးအုံးကြိုင်ကပြောပါတယ်။

ရွေးကောက်ပွဲကော်မရှင်ဆီက မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းကြားစာ မရသေးပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အစစအရာရာ အဆင်သင့်ဖြစ်နေပြီလို့ အင်န်အယ်လ်ဒီ ပြန်ကြားရေးတာဝန်ခံဦးအုံးကြိုင်ကဆိုပါတယ်။

## ပုပ်ရဟန်းမင်းကြီးကိုယ်စားလှယ်နဲ့ ဒေါ်စု တွေ့မည်

**RFA၊ ဒီဇင်ဘာ ၆ ။** ။ မနက်ဖြန်ဗုဒ္ဓဟူးနေ့မှာ ရန်ကုန်မြို့ကို ရောက်ရှိလာမယ့် ပုပ်ရဟန်းမင်းကြီး Benedict ရဲ့ အထူးကိုယ်စားလှယ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ လာမယ့် ကြာသပတေးနေ့မှာ တွေ့ဆုံမယ်လို့ သိရပါတယ်။

ပုပ်ရဟန်းမင်းကြီးရဲ့ အထူးကိုယ်စားလှယ် Cardinal Renato Raffaele Martino ဟာ ရန်ကုန်မြို့ စိန့် မေရီ ကက်သလစ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်ကြီးရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဝတ်ပြုဆုတောင်းပွဲအခမ်းအနားကို ဦးဆောင်ကျင်းပဖို့ ရန်ကုန်မြို့ကိုရောက်လာမှာပါ။

ကြာသပတေးနေ့မှာကျင်းပမယ့် အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက်မယ်လို့ ပြောဆိုထားကြောင်း ရန်ကုန်ကက်သလစ်ဘုရားကျောင်းတော်ကြီးရဲ့ သင်းအုပ်ဆရာတော် Father နိုအယ်လ်စောနောအေး (Noel Saw Naw Aye) က အာရ်အက်ဖ်အေကို ပြောပါတယ်။

အခမ်းအနားမှာ ပုပ်ရဟန်းမင်းကြီး Benedict ရဲ့ အထူးသဝဏ်လွှာကို ဖတ်ကြားပါမယ်။ ရန်ကုန်မြို့ စိန့်မေရီ ကက်သလစ် ဘုရားကျောင်းကို လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာက ပြင်သစ်နိုင်ငံ သာသနာပြုဘုန်းတော်ကြီးတော်တွေ တည်ထောင်ခဲ့တာလို့ သိရပါတယ်။

Father နိုအယ်လ် စောနောအေးက နှစ်တစ်ရာပြည့်နဲ့အတူ စိတ် သစ်လူသစ်နဲ့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ကြရင်း ကိုယ့်အတွင်းမှာ ဘဝသစ်ထူထောင်နိုင်ကြဖို့ကို ဦးတည်ပြီး ပွဲကျင်းပကြောင်း ပြောပြပါတယ်။

ဒ့ါအပြင် ပုပ်ရဟန်းမင်းကြီးရဲ့ အထူးကိုယ်စာလှယ် Cardinal Renato Raffaele Martino ရဲ့ ခရီးစဉ်ဟာ နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ ဆက်ဆံရေး ပွင့်လင်းလာတဲ့ လက်ရှိမြန်မာနိုင်ငံက အခြေအနေတွေကို Vatican က ကောင်းချီးပေးလိုက်တာဖြစ်တယ်လို့ ပုပ်ရဟန်းမင်းကြီး Benedict က ပြောဆိုလိုက်ပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: mgthuka@gmail.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**